ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ တနင်္လာနေ့၊ (16-7-2007) (၅၃၈၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်ပြီး အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော် ပရိဝုဏ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အားပေးချီးမြှင့်ပြီး အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

တက်ရောက်

၂၀၀၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်သို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

စတင်စိုက်ပျိုးပေး

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဓာတုစယ ဓာတ်ပေါင်းစုစေတီတော် အရှေ့ဘက် သတ်မှတ်နေရာ၌ အင်ကြင်းပင်ကို စတင်စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းပေးသည်။ ထို့နောက် နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ခရေပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အင်ကြင်းပင်ကို စိုက်ပျိုးပေးကာ မြေဩဇာထည့်၍ ရေလောင်းပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆–၇–၂၀၀၇
(တနင်္လာနေ့)

ရေနံနှင့်သဘာဝဓာတ်ငွေ့ ကမ်းလွန်လုပ်ကွက်များ တိုးချဲ့တူးဖော်

မြန်မာနိုင်ငံ၏ ဘူမိအနေအထားသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေထုတ်လုပ်ရန် အလားအလာကောင်းများရှိသည်။ စွမ်းအင်ဝန်ကြီးဌာနက ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသများတွင် တိုးချဲ့ရှာဖွေထုတ်လုပ်နေသည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် စမ်းသပ်ရှာဖွေ တွေ့ရှိချက်များအရ စီးပွားဖြစ်သဘာဝဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်ရန် အခြေအနေကောင်းမွန်နေသည်။ မုတ္တမကမ်းလွန်လုပ်ကွက်၊ တနင်္သာရီကမ်းလွန်ရဲတံခွန်လုပ်ကွက်၊ ရခိုင်ကမ်းလွန် ရွှေလုပ်ကွက်တို့တွင် ပြည်ပရေနံရှာဖွေရေးကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9အတွင်း၌ ဇောတိက–၁ (က)၊ ဃောသက–၁၊ ကာကောဏ္ဍ–၁ ရှာဖွေရေးတွင်းများနှင့် ကာကောဏ္ဍ–၂၊ ဇောတိက–၂၊ ဇောတိက–၃၊ ဇောတိက–၄၊ ဇောတိက–၅ အကဲဖြတ်တွင်းတို့ကို တူးဖော်စမ်းသပ်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များကို တွေ့ရှိနေပြီဖြစ်သည်။

အစမ်းတွင်းအမှတ် ဇောတိက–၁ကို စမ်းသပ်တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ ခိုအောင်းနေမှု ၂၃သမ၅ ထရီလီယံ ရှိကြောင်းသိရသည်။ အလားတူ ရှာဖွေရေးတွင်း ကာကောဏ္ဍ–၁ ကို ယခုနှစ် ဖေဖော်ဝါရီလတွင် စမ်းသပ်တူးဖော်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၂၁ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယခုတစ်ဖန် မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် M-9အတွင်း ဇောတိက–၅ အကဲဖြတ်တွင်းကို ဇွန်လအတွင်းက တူးဖော်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၃၈ သန်းကျော် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်တည်နေမှု အလားအလာများကို အခြေခံ၍ ကုန်းတွင်းပိုင်း ရေနံမြေများတွင်သာမက ကမ်းလွန်ဒေသ လုပ်ကွက်များတွင်ပါ ဆက်လက်စမ်းသပ်ရှာဖွေ တိုးချဲ့တူးဖော်ကြခြင်းဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ စီးပွားဖြစ် တိုးတက်ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ။

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်နေ ဦးမြတ်သူ–ဒေါ်ခင်စိုးဦး မိသားစု (ငွေရတုမင်္ဂလာအထိမ်းအမှတ်)က ကျောင်းအလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀ ကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ရှေ့မှောက်၌လှူဒါန်းရာ အမှုဆောင် ဒေါ်အေးအေးသန်း လက်ခံယူစဉ်။ (က–ပ)

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း ကျောင်းဝင်ခဲ့သည့် အတန်းခုနစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းမြတ်ဆရာကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M-3 Food Centre ၌ ကျင်းပမည် ဖြစ်သည်။

အနယ်နယ် အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဒေါက်တာဦးဝင်းမြင့် ဖုန်း–၆၄၁၃၁၇၊ ဒေါက်တာဦးစိုးမင်းသိန်း(ခ)စိုးအောင် ဖုန်း–၂၉၃၉၆၃၊ ဒေါက်တာဦးစိုးသန်း ဖုန်း–၂၂၆၈၅၅–၂၁၅၊ ဒေါက်တာ ဦးကျော်မိုး ဖုန်း–၃၈၂၁၇၇၊ ဒေါက်တာလူစီကျော်မြ ဖုန်း–၆၆၄၉၄၂၊ ဒေါက်တာခင်မောင်မောင်သန်း ဖုန်း–၆၅၀၅၃၄၊ ဒေါက်တာသန့်လွင်မောင် ဖုန်း–၅၂၇၆၅၆ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata)မှ General Officer Commanding-in-Chief, Lieutenant General,K.S Jamwal, AVSM, VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ထောက်ကြန့်စစ်သင်္ချိုင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဧည့်သည်တော် Lieutenant General, K.S Jamwal, AVSM. VSM ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးသွားသော စစ်သည်များအတွက် ပန်းခြင်းချ အလေးပြုကြပြီး ထောက်ကြန့်စစ်သင်္ချိုင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် Lieutenant General,K.S Jamwal, AVSM. VSM သည် ထောက်ကြန့်စစ်သင်္ချိုင်းဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဧည့်သည်တော် Lieutenant General,K.S Jamwal, AVSM, VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ စစ်သံမှူး Col.Manoj Mukund Narvane နှင့် ဇနီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း အိန္ဒိယတပ်မတော် Eastern Command (Kolkata)မှ General Officer Commanding-in-Chief, Lieutenant General,K.S Jamwal, AVSM, VSMနှင့် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး မကွေးတိုင်းအတွင်း ထူးချွန်ဆုရရှိသူ အမျိုးသမီးကိုးဦးနှင့် (၂၅)ကြိမ်အထက် သွေးလှူရှင်သုံးဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ အဆင့်မြင့်၊ အထက်တန်း၊ အလယ်တန်း စာစီစာကုံးဆုရရှိသူ ကိုးဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူ ၁၀ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် တက္ကသိုလ်၊ ကောလိပ်များမှကျောင်းသူလေးများက ပြည်တွင်းဖြစ် အဝတ်အထည်ဖြင့် ဝတ်စားဆင်ယင်မှုပြပွဲ၊ မကွေးတိုင်းငါးခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်လေးများ၏ ဆံကေသာအလှပြပွဲ၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ပျူယဉ်ကျေးမှုအကဖြင့် တင်ဆက်ဖျော်ဖြေကြပြီး အလှအကနှင့် တင်ဆက်ပြသသူများ၊ တေးသီချင်း သီဆိုဖျော်ဖြေသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်များသည် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနော်သုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ(၁၂၅)တွင် (၆၄) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ပြုလုပ်မည်ဖြစ်ရာ ပဓာနနာယကအဖွဲ့ချုပ် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ပရမကြီးမှူး၍ ပဋိစ္စသမုပ္ပါဒ်သင်တန်းပြဆရာကြီး ဦးကျော်မင်း၊ဆရာမကြီးဒေါ်ဝိဇ္ဇာသင်္ဂီနှင့် ကထိကသစ္စာရဲမင်း(B.Sc)တို့ကသစ္စာလေးပါး မြတ်တရားကို ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ ဩဂုတ် ၁၃ ရက် အရောက်လာကြရန်နှင့် လှူဒါန်းလိုပါက ဖုန်း–၀၉ ၅၁၅၅၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေမည့် စာရေးဆရာ တက္ကသိုလ်စိန်တင် ရေးသားပြုစုသော "T.P.S တိုင်းကျိုးပြည်ကျိုးဆောင် ဘွဲ့ရ မေတ္တာ၊ စေတနာ၊ ကရုဏာရှင် အမျိုးသမီးကြီး ဘွားဦးဇွန်း အတ္ထုပ္ပတ္တိ" လက်ရေးမူ စာအုပ်သုံးအုပ်ကို စာရေးဆရာ တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး)တို့က စာမူအတွက် ဥာဏ်ပူဇော်ခမယူဘဲ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်နှင့် အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ဇွန် ၃၀ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ချောင်းဆုံမြို့နယ် ဘီလူးကျွန်း ရွာလွတ်ရွာနေ ကွယ်လွန်သူ မိခင်ကြီး မိစောရှင်(ခ)ဒေါ်ဘုတ်အားရည်စူး၍ဗဟန်းမြို့နယ် ဗဟန်း ၃ လမ်းနေ နိုင်သာဇီ၊ မိညွှန့်သန်း၊ နိုင်ရွှေငြိမ်း–မိအေးထွေး၊ သား၊ သမီး၊ မြေး၊ မြစ်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

✻ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပိတောက်ပင်၊ ခရေပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။ ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

တစ်ပြိုင်တည်းမှာပင် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် ပရဝဏ်အတွင်းရှိ သတ်မှတ်နေရာများ၌ ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မိုးရာသီသစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်ပြီး နံနက် ၁၀ နာရီခွဲတွင် ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပိတောက်ပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အင်ကြင်းပင်စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။

၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော် အခမ်းအနားများ ကျင်းပရာသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ မိမိတို့ရုံး၊ ဌာနအလိုက် သတ်မှတ်နေရာအသီးသီးတို့၌ နှစ်ရှည်ပင်များအပါအဝင် ပန်းအလှပင်များ၊ အရိပ်ရလေကာပင်များကို စည်ကားသိုက်မြိုက်စွာဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

နေပြည်တော် ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးလျက်ရှိရာ စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲထိန်းသိမ်းရေး စိုက်ခင်းများ၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ စသည်ဖြင့် တည်ထောင်လျက်ရှိပြီး ယင်းသစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းကို သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့က ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည်။

တည်ထောင်သွားမည်

သီးနှံ သစ်တော ရောနှောစိုက်ခင်း တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ တောင်ကုန်း၊ တောင်စောင်းဒေသများ၌ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေး စီမံချက်အနေဖြင့် သီးနှံသစ်တော ရောနှောစိုက်ခင်း ဧက ၂၀၀ ကို ပျဉ်းမနားမြို့ အရှေ့ခြမ်း ပေါင်းလောင်းဆည်ရေဝေရေလဲဒေသ၌ တည်ထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ရေရရှိရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း နေပြည်တော်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေ ဖူလုံစေရေးများအတွက် ဆည်ငယ်များ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် နှစ်ရှည်ပင် အပါအဝင် ပန်းအလှပင်များ၊ အရိပ်ရ လေကာပင်များကို စုပေါင်းစိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

မိဂဒါဝုန် မြန်မာကျောင်းတိုက် နှစ် ၁၀၀ ပြည့်ပွဲ

ရန်ကုန် ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောအတွင်း မြန်မာကျောင်းတိုက်ကို ၁၉၀၈ ခုနှစ်မှ စတင်၍ ဘုရားကျောင်းဆောင်၊ သံဃာဆောင်နှင့် မြန်မာဘုရားဖူးများ တည်းခိုနားနေဆောင်များ ဆောက်လုပ်ခဲ့ရာ ၂၀၀၈ ခုနှစ်၌ နှစ်(၁၀၀)ပြည့်မြောက်မည် ဖြစ်သည်။ မြန်မာကျောင်းတိုက် တည်ထောင်သည့် နှစ်(၁၀၀)ပြည့်ပွဲကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများ၊ လိုက်ပါဖူးမြော်လိုသူ ဓမ္မမိတ်ဆွေများအနေဖြင့် အမှတ် (၅၅)၊ ၁၇ လမ်း၊ လသာမြို့နယ် ဖုန်း-၂၂၅၉၁၅၊ ၂၂၅၉၈၉ နှင့် ၂၂၇၇၀၂၊ ဖုန်း- ၆၆၅၃၈၃၊ အမှတ် (၁၀၄)၊ ကမ်းနားလမ်းနှင့် ၃၈ လမ်းထောင့် ကျောက်တံတားမြို့နယ် ဖုန်း-၂၅၂၀၀၇ နှင့် ၂၅၂၀၀၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနှင့် အမေရိကန်ခေါင်းဆောင်များ နျူကလီးယား သဘောတူစာချုပ်ကိစ္စအကြိုညှိနှိုင်း

ဝါရှင်တန် ဇူလိုင် ၁၄

အမေရိကန် သမ္မတ ဂျော့ဂ်ျ ဘုရှ်နှင့် အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့သည် အချိန်ကာလ ကြာမြင့်စွာ ရပ်ဆိုင်းထားခဲ့ရသည့် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကိစ္စနှင့် ပတ်သက်၍ လာမည့် ရက်သတ္တပတ်၌ ကျင်းပသည့် ဆွေးနွေးပွဲ မတိုင်မီ ဗုဒ္ဓဟူးနေ့က အကြိုညှိနှိုင်းခဲ့သည်။

ပြောကြား

အရပ်ဘက် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အပါအဝင် နှစ်နိုင်ငံဆိုင်ရာ ဆက်ဆံရေး ပြောင်းလဲမှုကိစ္စကို ခေါင်းဆောင်နှစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဆွေးနွေးခဲ့ကြသည်ဟု အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဂေါ်ဒွန်ဂျွန်ဒရိုက သတင်းထောက်များအား ပြောကြားသည်။

ဟောကိန်းထုတ်ထား

၎င်းက အဆိုပါ သဘောတူညီချက်၏ အခြေအနေကို အသေးစိတ်ပြောကြားခြင်းမရှိပေ။ ယင်းသဘောတူညီချက်ကို ၂၀၀၅ခုနှစ် ဇူလိုင်လအတွင်းက ကြေညာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းသဘောတူညီချက်ကိစ္စသည် ယခုနှစ်ကုန်အထိ တုံ့ဆိုင်းလျက်ရှိနေဦးမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ကြိုတင်ဟောကိန်း ထုတ်ထားသည်။

မည်သို့ပင် ဖြစ်စေကာမူ အမေရိကန်နှင့် အိန္ဒိယ ညှိနှိုင်းဆွေးနွေးပွဲများသည် သဘောတူညီချက် အများအပြားရှိနေသော်လည်း စင်းလုံးချော အဆင်ပြေမှုမျိုး မရရှိသေးဟု အောက်လွှတ်တော် သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံရှန်ဟိုင်းမြို့အားကစား လေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်နေသူများကို ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

၂၀၁၅ ခုနှစ်တွင် စင်ကာပူပြည်ပကုန်သွယ်ရေး နှစ်ဆမြင့်တက်ရန် မျှော်မှန်း

စင်ကာပူ ဇူလိုင် ၁၄

စင်ကာပူနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးသည် ယခင်နှစ်က အမေရိကန် ဒေါ်လာဘီလီယံ ၈၁၀ ရှိရာမှ ၂၀၁၅ ခုနှစ်တွင် နှစ်ဆမြင့်တက်လာပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ထရီလီယံရရှိမည်ဟု စင်ကာပူနိုင်ငံက ဇူလိုင်၉ရက်တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံတကာ လုပ်ငန်းအဖွဲ့(အိုင်အီး)သည် ပြည်ပစီးပွားရေးကို တိုးမြှင့်လုပ်ကိုင် သွားမည်ဖြစ်ကြောင်း၊ ပြည်ပကုန်သွယ်ရေးကို တိုးမြှင့်လုပ်ဆောင်ရခြင်းသည် ဈေးကွက်အသစ် အပါအဝင် မဟာဗျူဟာ စီမံကိန်းများ၏ ရည်ရွယ်ချက် ပြည့်မီရန်ဖြစ်ကြောင်း ဒေသဆိုင်ရာနယူးအေးရှားရပ်သံက ဖော်ပြသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများကဲ့သို့ ဒေသဆိုင်ရာ လုပ်ငန်းများတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များဖြစ်လာရန် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိုင်အီးအဖွဲ့မှ အမှုဆောင်ချုပ် ချွန်လစ်ချီအွန်က နယူးအေးရှချန်နယ်သို့ ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေး ထပ်မံ မြှင့်တင်နိုင်ရန် စီးပွားရေး လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် စာချုပ်များကိုလည်း ချုပ်ဆိုသွားရန် မျှော်လင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

လမ်းဘေးဗုံးပေါက်ကွဲ၍ အာဖဂန်ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ကဘူး ဇူလိုင် ၁၄

အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်း ကို့စ်ပြည်နယ်တွင် ဇူလိုင် ၁၂ ရက်နံနက်က လမ်းဘေးဗုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဇာမာရိုင်ဘာရှရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယာကူဘီဒေသတွင် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် စုံစမ်းမှုများ ပြုလုပ်ခဲ့ကြောင်း ဘာရှာရီက ပြောကြားသည်။

တိုက်ခိုက်မှု

တာလီဘန် စစ်သွေးကြွများသည် အလားတူ တိုက်ခိုက်မှုမျိုး မကြာခဏ လုပ်ဆောင်လေ့ရှိကြောင်း သိရသည်။

ကို့စ်ပြည်နယ်တွင် အစိုးရနှင့် ပြည်ပ တပ်ဖွဲ့ဝင်များကို တာလီဘန် စစ်သွေးကြွများက မကြာခဏတိုက်ခိုက်လေ့ရှိသည်။

တာလီဘန်စစ်သွေးကြွများလက်ချက်ကြောင့် အာဖဂန်နစ္စတန်တွင် ယခုနှစ်၌ ပြည်သူ ၂၉၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အထည်ချုပ်စက်ရုံလုပ်ငန်းခွင်တစ်နေရာကို ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကျူရှူးကျွန်းတွင် အင်အားပြင်း တိုက်ဖုန်းမုန်တိုင်း တိုက်ခတ်

တိုကျို ဇူလိုင် ၁၄

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းတွင် စနေနေ့က အင်အားပြင်းထန်သည့် တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးကြောင်း၊ ဒေသခံ ထောင်ပေါင်းများစွာမှာ နေအိမ်များကို စွန့်ခွာခဲ့ရကြောင်း မိုးလေဝသအေဂျင်စီက ယနေ့ပြောကြားသည်။

မန်ရီဟု အမည်ပေးထားသော တိုက်ဖုန်းမုန်တိုင်းသည် ၁၉၅၁ခုနှစ်နောက်ပိုင်း ဂျပန်နိုင်ငံတွင် တိုက်ခတ်သည့် မုန်တိုင်းများအနက် အပြင်းထန်ဆုံးဖြစ်သည်။ ကျူရှူးကျွန်းတွင် တိုက်ခတ်ခဲ့သော တိုက်ဖုန်းမုန်တိုင်းသည် တိုကျိုမြို့နှင့် ဟွန်ကျူးကျွန်းရှိ အိုဆာကာမြို့တို့သို့ ဦးတည်ကာ ရွေ့လျားလျက်ရှိသည်။

ပျောက်ဆုံး

ကာဂိုရှီးမားပြည်နယ်တွင် တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အဘိုးအိုတစ်ဦးနှင့် ကလေးတစ်ဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

ကျူရှူးကျွန်းတွင် မုန်တိုင်းမတိုက်ခတ်မီ အိုကီနာဝါကျွန်းတွင် သောကြာနေ့က တိုက်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာတွင် နေအိမ် ၁၀၀၀၀၀ နီးပါး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ပြီး လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ ၁၇ ဦးဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

၂၀၁၄ ခုနှစ် ဆောင်းရာသီအိုလံပစ် ရုရှားနိုင်ငံဆိုချီမြို့၌ကျင်းပခွင့်ရရှိ

ဆိုချီ ဇူလိုင် ၁၄

၂၀၁၄ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့် ရုရှားနိုင်ငံ ဆိုချီမြို့၌ ကမ္ဘာ့အကြီးကျယ်ဆုံးသော ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်ကို ချောချောမွေ့မွေ့ ကျင်းပနိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဆိုချီမြို့ အာဏာပိုင်များက ဇူလိုင်၁၄ ရက်တွင် ပြောကြားသည်။

၂၀၁၄ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိမည့် မြို့ ရွေးချယ်နိုင်ရန် ဂွာတီမာလာနိုင်ငံ ဂွာတီမာလာစီးတီးမြို့၌ ဇူလိုင် ၄ ရက်က မဲပေးပွဲ ကျင်းပခဲ့သည်။

ဆိုချီမြို့နှင့်အပြိုင် အိမ်ရှင်ဖြစ်ရေး ကြိုးပမ်းခဲ့သည့် မြို့နှစ်မြို့မှာ တောင်ကိုရီးယားနိုင်ငံရှိ ပြုံချန်းမြို့နှင့်ဩစတြီးယားနိုင်ငံရှိ ဆယ်လ်ဇဘတ်ဂျ်မြို့တို့ ဖြစ်ကြသည်။

ဆိုချီမြို့သည် ရုရှားနိုင်ငံ ပင်လယ်နက်ဒေသရှိ ပင်လယ်ဆိပ်ကမ်းမြို့နှင့် အပန်းဖြေစခန်းမြို့ဖြစ်သည်။ ရုရှားနိုင်ငံ အနောက်တောင်ပိုင်း ပင်လယ်နက် ကမ်းရိုးတန်း၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။

ဆိုချီမြို့နှင့် အနီးကပ်ယှဉ်ပြိုင်ခဲ့သည့် ပြုံချန်းမြို့သည်တောင်ပေါ်ထင်းရှူးတော အပန်းဖြေစခန်းမြို့ဖြစ်ပြီး အိုလံပစ်အိမ်ရှင်ဖြစ်ရန် လွန်ခဲ့သည့် လေးနှစ်ကပင်လျှင် လှုံ့ဆော်စည်းရုံးခဲ့သည်။ ယင်းမြို့သည် ဆိုးလ်မြို့တော်မှ ကီလိုမီတာ ၁၈၀ အကွာတွင် တည်ရှိသည်။

ဩစတြီးယားနိုင်ငံ ဆယ်လ်ဇဘတ်ဂျ်မြို့မှာ ထင်းရှူးတော တောင်ပေါ်မြို့ဖြစ်သည်။ ***အင်တာနက်။***



၂၀၁၄ခုနှစ် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော် ကျင်းပမည့် ဆိုချီမြို့ရှိ နှင်းလျှောစီးအားကစားကွင်းနှင့် ရုရှားအိုလံပစ် ရွှေတံဆိပ်ဆုရှင် ဆဗက်လာနာဇူရိုဗာ(ဝဲ)အား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကာတာမှ အဘူဒါဘီသို့ ဓာတ်ငွေ့စတင်ပို့လွှတ်

အဘူဒါဘီ ဇူလိုင် ၁၄

ကာတာနိုင်ငံ ကမ်းလွန် သဘာဝဓာတ်ငွေ့တွင်းများမှ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) အဘူဒါဘီမြို့သို့ ဓာတ်ငွေ့ စတင်ပို့လွှတ်လျက်ရှိကြောင်း ယူအေအီးမှ ဒေါ်လ်ဖင် စွမ်းအင် ကုမ္ပဏီက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန် ကြေညာသည်။

ကာတာနိုင်ငံ၏ မြောက်ပိုင်း ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့များကို ဒေါ်လ်ဖင် စွမ်းအင် ကုမ္ပဏီက ထုတ်လုပ်လျက်ရှိသည်။ ကာတာနိုင်ငံ ဓာတ်ငွေ့စက်ရုံမှ ဓာတ်ငွေ့ကို ပင်လယ် ရေအောက် ဓာတ်ငွေ့ပိုက်လိုင်း အသုံးပြုပြီး အဘူဒါဘီသို့ ပို့လွှတ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

❍ **ကာကွယ်ရေးမှ**

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြည်ခရိုင်သည် စိုက်ပျိုးရေးတွင် ပဲခူးတိုင်းအတွက်အားထားရသည့် ခရိုင်ဖြစ်ကြောင်း၊ ဆန်နှင့်ဆီ ဖူလုံပိုလျှံမှုရှိသည့်အပြင် ပဲမျိုးစုံလည်း စိုက်ပျိုးနိုင်သည့်ခရိုင်ဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် မိုးစပါးဧက သိန်း၃၀၊ နွေစပါးလေးသိန်း၊ ပဲစိုက်ဧက၁၆သိန်း၊ ဆီထွက်သီးနှံဧက ငါးသိန်းခွဲ စိုက်ပျိုးရန်လျာထားချက်ပြည့်မီရေးအတွက်ပြည်ခရိုင်အနေဖြင့်သတ်မှတ်ပေးထားသည့်အတိုင်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပဲစိုက်ခင်းများအတွင်း နေကြာကိုသီးညှပ်အဖြစ်စိုက်ပျိုးခြင်းဖြင့် ဆီထွက်သီးနှံစိုက်ဧကတိုးတက်အောင်၊ စားသုံးဆီပိုလျှံအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြည်ခရိုင်အနေဖြင့် သတ်မှတ်ချက်နှင့်အညီ ဆီထွက်သီးနှံစိုက်ပျိုးဆောင်ရွက်ရန်အပြင် တိုင်းအတွင်း ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမည့်အခြားခရိုင်များ၊ မြို့နယ်များသို့ နေကြာ၊နှမ်းနှင့်မြေပဲ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဝေရေးအတွက် ယခုနှစ်တွင် တာဝန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံမျိုး လုံလောက်မှုရှိစေရေးအတွက် ရှာဖွေတွက်ချက် ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ထို့အပြင် ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ချက်ပြည့်အောင် စိုက်ပျိုးရန်ဖြစ်ကြောင်း၊ အလားတူပင် မွေးမြူရေးကဏ္ဍတိုးတက်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ တိုင်းပြည်စီးပွားရေးကောင်းမွန်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအခြေခံကောင်းများရရှိနေပြီး တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်စီမံကိန်း စသည့် စီမံကိန်းကြီး(၃)ရပ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း၊ ရရှိထားသည့်တိုးတက်မှု အရှိန်အဟုန်မပျက်စေရန် စီးပွားရေးအခြေခံဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့နိုင်သမျှ တိုးတက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ချမှတ်ထားသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာရှိပြီး လှပစည်ကားသည့် ပြည်မြို့ကို မြို့အင်္ဂါရပ်နှင့်ညီညွတ်နေစေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းမှာကြားပြီး တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တက်ရောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ နဝဒေးရပ်ကွက်၌ ကျင်းပသော ပြည်စက်မှုဇုန်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ပြည်စက်မှုဇုန်သစ်ဖွင့်ပွဲ အခမ်းအနားကို စက်မှုဇုန်အဝင်မုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် ပြည်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်၍ ပြည်စက်မှုဇုန်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ ပြည်စက်မှုဇုန်သစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်တို့က စက်မှုဇုန်သစ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ရှင်းလင်းဆောင်၍ ဆက်လက်ကျင်းပရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က စက်မှုဇုန်တည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ မြေကွက် ပေ ၁၀၀ ပတ်လည်ရှိ အကွက်ပေါင်း ၃၀၃ ကွက် ဖော်ထုတ်နေရာချထားမှု၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ မော်တော်ယာဉ်ပစ္စည်းအစိတ်အပိုင်းများနှင့် မော်တော်ယာဉ်များထုတ်လုပ်မှု၊ လျှပ်စစ်မီးနှင့်ရေရရှိရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်မှုထုတ်ကုန်များကို သွင်းကုန်အစားထိုးစက်ကိရိယာများ တီထွင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် လုပ်ငန်းအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့အား စက်မှုဇုန်ဖွင့်ပွဲအမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်ထုတ် မော်တော်ယာဉ်ပစ္စည်းအစိတ်အပိုင်းများ၊ ရေစီးအားသုံးရေတင်စက်၊ ကြက်ဆူဆီကြိတ်စက်၊ ဒီဇယ်ဆီသုံးရန်မလိုဘဲ စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်စက်နှင့် ကြက်ဆူဆီကြိတ်စက်တို့ တွဲဖက်လျက်ထွက်ရှိသောအငွေ့ဖြင့် စပါးအခြောက်ခံစက် လည်ပတ်နိုင်မှုတို့ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်လင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပြည်စက်မှုဇုန်ထုတ် Light Truck (၁)တန်မော်တော်ယာဉ်များနှင့်ပြည်ဂျစ်ကားများကိုကြည့်ရှုအားပေးကြပြီး အရည်အသွေးပိုမိုကောင်းမွန်သည့် ယာဉ်များပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်စက်မှုဇုန် (၆၆/၁၁) ကေဗီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်မှုဇုန်သို့ ဓာတ်အားပေးဝေမှုနှင့် ဓာတ်အားထိန်းသိမ်းမှု လုပ်ငန်းများကိုတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်–ရန်ကုန်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး သဲကုန်းမြို့နယ်ရှိ အင်းမတပ်နယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းမတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်မတော်မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့် လက်တွဲဆောင်ရွက်ရေး မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါင်းတည်မြို့နယ် ကျူတောကန်ကျေးရွာ ကွင်းအမှတ် (၁၀၉၃) ၌ ကျင်းပသော မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ရှင်းလင်းတင်ပြ

အဆိုပါစိုက်ပျိုးပွဲတွင် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က ကျူတောကန်ကျေးရွာအုပ်စုတစ်ခုလုံး မိုးစပါးစိုက်ပျိုးမှု ၈၂၂ဧက ရှိပြီး စိုက်ဧကအားလုံး အပြည့်အဝစိုက်ပျိုးပြီးစီးမှု၊ မြို့နယ်တစ်ခုလုံး လျာထားဧက ၉၁၀၀၀ အနက် ၅၆၅၆၆ ဧက စိုက်ပျိုးပြီးစီးမှု၊ ကျန်ဧကများ ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လျာထားချက်စိုက်ဧက အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကောက်စိုက်သမများ မိုးစပါး စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)တစ်ခုလုံးတွင် မိုးစပါးစိုက်ပျိုးရန် ဧက၁၂ သိန်းခွဲ လျာထားသည့်အနက် ဧကလေးသိန်းငါးသောင်း စိုက်ပျိုးပြီးဖြစ်ကာ စိုက်ပျိုးရန်ကျန်ရှိနေသေးသော ဧကများကို ရာသီကုန်အမီပြီးစီးအောင် ဆက်လက်စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါင်းတည်မြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာလာကြကာရန်ကုန်–ပြည်လမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးခင်းများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန နေပြည်တော် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရုံး၌ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်နှင့်ခရေပင်များကိုစိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရုံးအဆောက်အအုံ သတ်မှတ်နေရာတွင် ခရေပင်နှင့် ရတနာတန်းဝင် ကျွန်းပင် စိုက်ပျိုးပေးသည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းများက နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်၊ စားပင်သီးပင်များကို တပျော်တပါး စိုက်ပျိုးကြပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။အဆိုပါ မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် ခရေ၊ ပိတောက်၊ တမာ၊ မဟော်ဂနီ၊ ကျွန်း စသည့် နှစ်ရှည်ပင်များ အပါအဝင် စိန်ပန်း၊ ကံ့ကော်၊ အုန်း၊ ကွမ်းသီး၊ မဲဇလီ စသည့် အရိပ်ရ လေကာပင်များ၊ စားပင်သီးပင်များ စုစုပေါင်းအပင်ရေ ၂၅၀၀ ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျွန်းပင်နှင့်ခရေပင်များ စိုက်ပျိုးပေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း နေပြည်တော် သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင် ကျွန်းပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးစဉ်။
(ဘဏ္ဍာ/အခွန်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၇)နှင့် ရုံးအမှတ် (၄၁)ပတ်ဝန်းကျင်တို့၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများသည် ဝန်ထမ်းများက အရိပ်ရပင်များ၊ ရာသီပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

၂၀၀၇ခုနှစ် အမှတ်(၁)စက်မှုဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၅၀၀၊ သရက် ၅၀၊ ခရေ ၃၃၅၊ သပြေ ၂၅၀၊ကံ့ကော် ၂၅၀၊ပိတောက် ၃၀၀၊ ရေတမာ ၁၂၁၊ မန်ကျည်း ၁၅၀၊ငုပင် ၄၅၈၊ တယ် ၈၅၊ ပုန်းညက် ၃၁ပင်နှင့် ကြက်ဆူပင် အပင် ၇၀၀ စုစုပေါင်း အပင် ၃၁၈၀ စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ဝန်ထမ်းများက ဝန်ကြီးရုံးရှေ့ ဇေယျဌာနီလမ်း(အရှေ့ဘက်ခြမ်း)၌ မဟော်ဂနီ၊ ခရေ၊ မန်ကျည်းစသည့် အပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဝန်ထမ်းများ နှစ်ရှည်ပင်အပါအဝင် ပန်းအလှပင်များ၊ အရိပ်ရ လေကာပင်များကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်ပြည်နယ်ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဆီအုန်းသုတေသနနှင့် မျိုးပွားခြံ(အင်္ဂဘို)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးကျော်ငွေးက ခြံတည်နေရာနှင့် နောက်ခံသမိုင်း၊ ခြံ၏စုစုပေါင်း ဧရိယာ ၂၂၀၁ ဧကေ၌ ဆီအုန်း ၁၆၇၇ ဧက၊ အခြားသီးနှံများဖြစ်သည့် သီဟိုဠ်နှင့် ဆီသပြေ ၄၈၆ ဧက အသုံးချ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဆီသီးခိုင် ပိဿာ ၁၂၄၅၀၀၀ ထုတ်လုပ်ရန် လျာထားချက်ကို ၁၃၇၅၁၂ ပိဿာအထိ တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ဆီကြိတ်စက်ရုံ မန်နေဂျာ ဦးဇော်လင်းဦးက ဆီကြိတ်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဆီကြိတ်ထုတ်လုပ်ရန် ၂၆၄ တန် လျာထားခဲ့ပြီး ၂၈၈ ဒသမ ၇၉ တန်အထိ တိုးတက်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် ၂၀၀၇–၂၀၀၈ ခုနှစ်တွင်လည်း ဆီကြိတ်ထုတ်လုပ်မှု တိုးတက်ဆောင်ရွက်နေမှု အစီအစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီအုန်းအထွက်နှုန်း ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး မွန်ပြည်နယ်၏ ဆီဖူလုံရေးအတွက် ဆီအုန်းစိုက်ပျိုးမှုတိုးတက်အောင် အမှန်တကယ် ဆောင်ရွက်နိုင်မည့် ခြံငယ်ရှင်များအား စိုက်ပျိုးနိုင်ရန် အကူအညီများပံ့ပိုးပေးရေး၊ အထွက်ကောင်း ဆီအုန်းမျိုးပင်များကို တနင်္သာရီတိုင်းအတွက် ထုတ်လုပ်ပေးနိုင်လျှင် ဆက်သွယ်ဝယ်ယူ စိုက်ပျိုးသွားရေး၊ ခြံမှ ထုတ်လုပ်သော ဆီကြိမ်းများကို ဆီချောထုတ်လုပ်၍ ဒေသဆီဖူလုံရေးတွင် အထောက်အကူပြုနိုင်အောင် စီစဉ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

မွန်ပြည်နယ်အနေဖြင့် ဆီအုန်းကို ၁၆၁၈ ဧက စိုက်ပျိုးထားရှိပြီး ၁၂၆၉ ဧကမှ ဆီအုန်းခိုင်များ ဆွတ်ခူးရရှိနေပြီဖြစ်ရာ ဆီအုန်းခိုင် ၂၈၉၆ တန် ထွက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အင်္ဂဘိုသုတေသနနှင့် မျိုးပွားခြံအတွင်း၌ တည်ထောင်ထားရှိသော တစ်နေ့ ၂ ဒသမ ၅ တန်ကျ ဆီကြိမ်းစက်ရုံသို့ သွားရောက်၍ ဆီသီးခိုင်များမှ ဆီကြိမ်း ထုတ်လုပ်နေပုံလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမန်နေဂျာ ဦးဇော်လင်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီကြိမ်းများကို အလေအလွင့်မရှိအောင်၊ အထွက်နှုန်းပိုမိုရရှိအောင်၊ ဒေသဆီဖူလုံမှုကို အထောက်အကူပြုအောင် စနစ်တကျ စီစဉ်ဆောင်ရွက်သွားရန် မှာကြားပြီး သထုံမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပျဉ်းမနားတပ်နယ်၏ ၂၀၀၇ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပျဉ်းမနားတပ်နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၅

ပျဉ်းမနားတပ်နယ်၏ (၂၀၀၇)ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ ရွာတော်လမ်းဆုံ၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပျဉ်းမနားတပ်နယ်မှူး၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

စိုက်ပျိုးပေး

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်များကို ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော အရာရှိကြီးများ၊ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် စစ်သည်မိသားစုဝင်များက သတ်မှတ်ထားသော နေရာများတွင် သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က တပ်မိသားစုဝင်များ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပင် ၁၃၃၀၊ ရတနာတန်းဝင် အပင်နှင့် အရိပ်ရလေကာပင်များဖြစ်သည့် ကျွန်း၊ ပိတောက်၊ ခရေ၊ မန်ကျည်း၊ သစ်ဆိမ့်၊ စိန်ပန်း၊ မဲဇလီ၊ သီဟိုဠ်၊ အော်ရေးရှား၊ ရေတမာ၊ ဘောစကိုင်း၊ ဆီသပြေ အစရှိသည့် အပင်ပေါင်း ၄၈၈ ပင်၊ စုစုပေါင်း ၁၈၁၈ ပင် စိုက်ပျိုးခဲ့ပြီး တပ်ရင်း/တပ်ဖွဲ့များမှ စစ်သည်မိသားစုဝင် စုစုပေါင်းအင်အား ၈၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

တစ်ပြိုင်နက်တည်းကျင်းပ

အလားတူ တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဂ္ဂင်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင် အမဲစမ်းတောရကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယအား အမှူးထား၍ ကျောင်းတိုက်ရှိ ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာအပါး ၅၀ ကျော်တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းကို ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲတွင် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပစ္စည်းလေးပါး လှူဒါန်းလိုသူ စေတနာရှင်များသည် ကျောင်းတိုက်သို့ အချိန်မီ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကျောက်မျက်ရတနာ အထူးရောင်းချပွဲတွင် ကျောက်စိမ်းတစ်တွဲချင်း အများဆုံးဝယ်ယူသူများ၊ တက်ရောက်အားပေးသည့် ပြည်တွင်း၊ ပြည်ပ ကျောက်စိမ်းအသင်းများအား အမှတ်တရဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ၊ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျောက်စိမ်းတစ်တွဲချင်းအတွက် အများဆုံး ဝယ်ယူသော ပြည်ပရတနာကုန်သည်များနှင့် အဆိုပါ ရောင်းချပွဲတွင် တက်ရောက်အားပေးသည့် ပြည်တွင်း ပြည်ပ ကျောက်စိမ်းအသင်းများအား အမှတ်တရဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီဝင်များက ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် ကျောက်စိမ်း တစ်တွဲချင်းအလိုက် အများဆုံး ဝယ်ယူကြသော ပြည်ပရတနာကုန်သည် ၁၄ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ အထူးရောင်းချပွဲတွင် တက်ရောက်အားပေးသော ပြည်တွင်း ပြည်ပ ကျောက်စိမ်းအသင်း ခုနစ်သင်းအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များ ကျောက်စိမ်းအတွဲ များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆက်လက်၍ ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ၊ ပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ညနေပိုင်းတွင် မြန်မာကွန်ဗင်းရှင်းစင်တာ မေခန်းမဆောင်၌ ကျင်းပရာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တာဝန်သိသိပူးပေါင်းဆောင်ရွက်

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ယခု ဗဟိုကော်မတီ အစည်းအဝေးသည် ကျောက်မျက်ရတနာပြပွဲ၏ ပြန်လည်သုံးသပ်ပွဲဖြစ်ကြောင်း၊ ယခုပြပွဲသည် ယခင်ပြီးခဲ့သော ရတနာပြပွဲများထက် အောင်အောင်မြင်မြင် အရှိဆုံး ရတနာပြပွဲကြီးဖြစ်ကြောင်း၊ အရည်အသွေးရှိ ကျောက်စိမ်းအတွဲများ များပြားစွာ တင်ပြ ရောင်းချနိုင်ခဲ့သဖြင့် သတ်မှတ်ချက်ထက် ပိုမိုရောင်းချနိုင်သည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေများ တိုးတက်ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းမှာ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဝန်ထမ်းများအားလုံးက ယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် ရတနာပြပွဲများတွင် ယခုကဲ့သို့ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားသည်။

ထို့နောက် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ ဘဏ္ဍာရေး၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ အသီးသီးက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီ နာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဗဟိုကော်မတီ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အသစ်ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အသစ်များ၊ ယခင်ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အဟောင်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အသစ်များနှင့် အမှုဆောင်အဟောင်းများအား တွေ့ဆုံ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

ရန်ကုန် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်း၌ အသစ်ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များ၊ ယခင် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အဟောင်းများအား တွေ့ဆုံ၍ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ အသစ်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင် အဖွဲ့အဟောင်းဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အမှုဆောင်အဟောင်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ရှိသူများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းဦးစီးသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့အဟောင်းကို ၂၀၀၅ခုနှစ် ဇွန် ၄ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး ယခု ၂၀၀၇ခုနှစ် ဇွန် ၂၄ရက်တွင် ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ ဦးစီးသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့အသစ်ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် အခြေခံအလွှာများကို နှစ်နှစ်သက်တမ်းသတ်မှတ်ပြီး မူဘောင်များနှင့်အညီ ယခုကဲ့သို့ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့အဟောင်းနှင့် အခြေခံအလွှာများတွင် ပါဝင်သည့် အဖွဲ့ဝင်ဟောင်းများသည် မိမိတို့၏ လူမှုရေး၊ စီးပွားရေးနှင့်အနုပညာ လုပ်ငန်းများကို လျစ်လျူရှုပြီး နှစ်နှစ်တာကာလအတွင်း ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်လောက၏အကျိုးကို ရှေးရှု၍ နိုင်ငံတော်၏ လိုလားချက်နှင့်အညီ စိတ်ရင်းစေတနာအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကို မိမိအနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏ အကျိုးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်(၅)ရပ်မှာ–

(က) **ရုပ်ရှင်လောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ရန်၊**

(ခ) **မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်မှု၊ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊**

(ဂ) **မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၏ ထုတ်လုပ်မှုအဆင့်အတန်း၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊**

(ဃ) **မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသ၍ ဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်၊**

(င) **နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနှင့် အတူလက်တွဲ ပူးပေါင်း ထမ်းဆောင်ကြရန်**တို့ပင်ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်(၅)ရပ်သည် ရုပ်ရှင်လောကဖွံ့ဖြိုးရေးအတွက် လုပ်သင့်လုပ်ထိုက်၊ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများဖြစ်၍ အစည်းအရုံးအသစ်အနေဖြင့်ရော၊ ရုပ်ရှင်လောကသားအားလုံးကပါ အားကြိုးမာန်တက်ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယင်းရည်ရွယ်ချက်(၅)ရပ်ကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ရန် အစည်းအရုံးက ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက်(၁၂)ချက်ရှိကြောင်း၊ ထိုအခြေခံအချက်(၁၂)ချက်ကို အကောင်အထည်ဖော်ရာတွင် ကျယ်ပြန့်လွန်းသည့်အတွက်ကြောင့် အခြေခံအချက် (၁၂)ချက်ထဲမှပင် အစည်းအရုံးက ဦးဆောင်ပြီး လုပ်ငန်းရှင်များက လတ်တလောဦးတည်ဆောင်ရွက်ရမည့် အချက်(၅)ချက်ကို သတ်မှတ်ပေးထားပါကြောင်း၊ ယင်းအချက်(၅)ချက်မှာ–

(က) **နိုင်ငံတော်မှ မူဘောင်နှင့်အညီ ပံ့ပိုးပေးမှုဖြင့် ခေတ်မီ Studio ကို တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော်ရန်၊**

(ခ) **Stereo အသံစနစ်ကို တည်းဖြတ်နိုင်သည့် တည်းဖြတ်စက် ထူထောင်ရန်၊**

(ဂ) **နိုင်ငံတကာအဆင့်မီ ရိုက်ကူးနိုင်သည့် ရုပ်ရှင်ရိုက်ကင်မရာကောင်းများ ရှိလာစေရေး ဆောင်ရွက်ရန်၊**

(ဃ) **ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်မှ ငှားရမ်းလုပ်ကိုင်နေသည့် ရုပ်ရှင်ရုံများကို ခေတ်မီအောင် ပြုပြင်တည်ထောင်သွားရန်၊**

(င) **နိုင်ငံတကာအဆင့်မီ ခေတ်မီရုပ်ရှင်ရုံတစ်ရုံ ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ရန်**တို့ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများအတွက် လက်ရှိချမှတ်ထားသော ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံအချက်(၁၂)ချက်နှင့် လုပ်ငန်းရှင်များ ဆောင်ရွက်ရမည့် အချက်(၅)ချက်တို့ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအသစ်အနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ပြီး ရုပ်ရှင်လောကသားအားလုံးနှင့် ပူးပေါင်းကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုအခါ ဒီဂျစ်တယ် အသံစနစ်ဆိုင်ရာ ပစ္စည်းများ၊ ခေတ်မီကူးဆေးစက်ဆိုင်ရာ ပစ္စည်းများကို ပြည်ပမှဝယ်ယူဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခုအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဝိရောဓိများနှင့် တွေ့ကြုံရမည်ဖြစ်ရာ အဆိုပါ ဝိရောဓိများကို ပေါင်းစပ်ညှိနှိုင်း တိုင်ပင်သည်းခံခွင့်လွှတ်ခြင်းတို့ဖြင့် မူဘောင်များအတွင်းမှ ကြိုးပမ်းဆောင်ရွက်သွားပါက ဝိရောဓိများကျေပျက်ပြီး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အစည်းအရုံးအသစ်အနေဖြင့် မိမိတို့ထမ်းဆောင်ရမည့် နှစ်နှစ်တာကာလအတွင်း လုပ်ငန်းများကို အောင်မြင်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါ၊ အလားတူပင် အစည်းအရုံးအဟောင်းများကလည်း လိုအပ်သောအကြံဉာဏ်များ၊ အကူအညီများပေး၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ၏အကျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ အဟောင်းဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်နှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှုဆောင်အဟောင်း၏ အားသာချက်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အားနည်းချက်များကို နည်းနိုင်သမျှနည်းသွားအောင် ဆောင်ရွက်၍ အများအကျိုးအတွက် စိတ်ကောင်းနှင့်ယှဉ်ကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦးနှင့် အလင်းတန်းဂျာနယ်မှ ဦးဝင်းငြိမ်းတို့က မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် မီဒီယာအပိုင်းက ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်တွင် ဇူလိုင် ၆ရက်က သွေးလွန်တုပ်ကွေး ပညာပေးဟောပြောပွဲနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် အခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း လိုက်လံဆောင်ရွက်ကြစဉ်။ (က–ပ)

တောင်ကြီးမြို့ တောစခန်းသာ မဟာစည်ရိပ်သာ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူမည်

တောင်ကြီး ဇူလိုင် ၁၀

တောင်ကြီးမြို့ တောစခန်းသာ မဟာစည်သာသနာ့ရိပ်သာ၏ (၂၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၃၀ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် သင်္ကန်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသန်းနိုင်၊ ပညာလောကစာပေ၊ ဖုန်း–၀၈၁–၂၁၂၂၁၊ ဗိုလ်ကြီးနိုင်ထွန်း (ငြိမ်း)စာတည်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး၊ ဖုန်း–၀၈၁–၂၁၁၆၄၊ ၀၉၅၂၁၄၃၅၇ နှင့် ဦးသန်းဝင်း မန်နေဂျာ(ငြိမ်း)လူမှုဖူလုံရေးအဖွဲ့နှင့် ဂေါပကအဖွဲ့၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ တောင်ကြီးမြို့ ဖုန်း–၀၈၁–၂၁၇၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နမ့်ခမ်းမြို့နေ ဒေါ်လင်းအားအမှူးထား၍ သား၊ သမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဌာနခွဲမှူး (စီမံ)ဦးလှရှိန် လက်ခံယူစဉ်။ (က–ပ)

အကျဉ်းသားများအား ပစ္စည်းများပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၂၆ရက်တွင် မော်လမြိုင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအား ငွေကျပ် ၃၂၈၇၅၀တန်ဖိုးရှိ စားသောက်ကုန်များနှင့် အသုံးအဆောင် ပစ္စည်းများကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်နေရသော အသွင်ကူးပြောင်းရေး (

သမ္မတဂျက်ရှီရက်သည် သမ္မတရာထူးဖြင့် နောက်ဆုံးအကြိမ် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူလျက်ရှိသည်။ သမ္မတအိမ်တော်၏ လှေကားရင်း ကော်ဇောနီပေါ်တွင် မစ္စတာဆာကိုဇီက မတ်တတ်ရပ်လျက် စောင့်ဆိုင်းနေသည်။ ဂုဏ်ပြုအခမ်းအနားပြီးဆုံးသည်နှင့် သမ္မတကြီးသည် မစ္စတာဆာကိုဇီရှိရာသို့ လျှောက်လှမ်းလာပြီး နှစ်ဦးသား ဖက်လဲတကင်းနှင့် ဂုဏ်ပြုနှုတ်ဆက်လိုက်ကြသည်။ ယင်းအချိန်တွင် မော်တော်ယာဉ်တစ်စီး ရောက်ရှိလာသည်။ ယာဉ်ပေါ်သို့ တက်ရောက်သွားသော မစ္စတာ ဂျက်ရှီရက်အား မစ္စတာဆာကိုဇီကိုယ်တိုင် ယာဉ်တံခါးကိုပိတ်ပေး၍ လက်ပြနှုတ်ဆက်လိုက်သည်။ မော်တော်ယာဉ် စတင်ထွက်ခွာသည်နှင့် တစ်ပြိုင်နက်တွင် ဂုဏ်ပြုတပ်ဖွဲ့က အနှေးလျှောက်တေးသွားကို တီးမှုတ်၍ နှုတ်ဆက်ဂုဏ်ပြုလိုက်သည်။ အိမ်တော်ဝင်းအတွင်းရှိ ဝန်ထမ်းအားလုံးကလည်း လက်များဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။ အိမ်တော် အပေါက်ဝမှ မော်တော်ယာဉ်ထွက်ခွာလာချိန်တွင် လမ်းတစ်လျှောက် စောင့်ဆိုင်းနေသော လူထုကြီးက သမ္မတဟောင်းကြီးအား လှိုက်လှိုက်လှဲလှဲ လက်များဝှေ့ယမ်း၍ နှုတ်ဆက်နေကြပါသည်။ ဤသည်မှာ ပြင်သစ်နိုင်ငံ၏ ၂၂ယောက်မြောက် သမ္မတအဖြစ် လွှဲပြောင်းအာဏာရယူသည့် သမ္မတသစ် မစ္စတာဆာကိုဇီနှင့် သမ္မတဟောင်း မစ္စတာဂျက်ရှီရက်တို့၏ အစိုးရအာဏာလွှဲပြောင်းမှု အခမ်းအနားတစ်ရပ်ဖြစ်သည်။

ကျွန်တော် အသက်ငါးဆယ် ရောက်ရှိလာသည့်တိုင် တည်ငြိမ်အေးချမ်း၍ စည်းစနစ်ကျနသော အစိုးရအာဏာလွှဲပြောင်းပွဲမျိုးကို ကျွန်တော်တို့နိုင်ငံတွင် မတွေ့မြင်ခဲ့ဖူးပေ။ ပါလီမန်ဒီမိုကရေစီစနစ် ချုပ်ငြိမ်းခဲ့သည့် ၁၉၆၂ ခုနှစ် အစိုးရအာဏာ လွှဲပြောင်းရယူမှုသည် နိုင်ငံ၏အခြေအနေအရ တပ်မတော်က နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူခဲ့ရခြင်းဖြစ်သဖြင့် စည်းစနစ်ကျနသော အာဏာလွှဲပြောင်းမှုမျိုးမဖြစ်ခဲ့။ ယင်းနောက် ၂၆နှစ်ကြာ တစ်ပါတီစနစ်ချုပ်ငြိမ်း၍ တိုင်းပြည်နှင့်အဝန်းမင်းမဲ့ဥပဒေမဲ့လုပ်ရပ်များကြောင့် တပ်မတော်က ပြည်ထောင်စုအရေး ရှေးရှုကာ နိုင်ငံတော်တာဝန်ယူခဲ့ရချိန်တွင်လည်း တည်ငြိမ်အေးချမ်းသော အာဏာလွှဲပြောင်းမှုမျိုး မဟုတ်ခဲ့။ ၁၉၆၂ ခုနှစ် အာဏာလွှဲပြောင်းရယူမှုဖြစ်စဉ်ကို ကောင်းစွာ မသိမြင်ခဲ့သော်လည်း ၁၉၈၈ ခုနှစ် တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်းရသည်ကိုမူ ကောင်းစွာ မှတ်မိသိရှိနေပါသည်။ ယင်းအချိန်က အသက်(၃၀)အရွယ် နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်နေချိန်လည်း ဖြစ်ပေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မပြုတ်ကျမီအတွင်း ထိုစဉ်က ပါတီဥက္ကဋ္ဌဖြစ်သူ ဦးနေဝင်းအနေဖြင့် အရေးပေါ်အစည်းအဝေးတွင် တစ်ပါတီစနစ်ကိုပဲ ကြိုက်သလား၊ ပါတီစုံစနစ်ကိုပဲ ကြိုက်သလား လူထုဆန္ဒခံယူပွဲကျင်းပရန် ပြောကြားခဲ့ချိန်ကစ၍ ပါတီစုံစနစ်ဆိုသည့် အသိတရား ကျွန်တော့်အသိသို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုလုပ်ငန်းလက်တွေ့ဆောင်ရွက်ရသည့်အဆင့် အခြေအနေများထိအောင် ရောက်မလာခဲ့တော့ချေ။ ထို့ပြင် အရေးပေါ်အခြေအနေတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့သော ဒေါက်တာမောင်မောင်က ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးပါမည်ဟု ကြေညာပေးသည့်တိုင် ဘာကိုမျှ မစောင့်နိုင်၊ မမြင်နိုင်ကြတော့။

နိုင်ငံနှင့်အဝန်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့ပြီး ယင်းတို့အထဲတွင် အကျယ်လောင်ဆုံးနှင့်အများဆုံး တောင်းဆိုသောအသံမှာ ဒီမိုကရေစီရရှိရေးဟူသောအသံ ဖြစ်လာပေသည်။ တကယ်တမ်းတွင် တစ်ပါတီ ဆိုရှယ်လစ်စနစ်နှင့် အုပ်ချုပ်စဉ်က ဒီမိုကရေစီမရှိသည် မဟုတ်၊ ခေတ်အလိုက် ရေးစပ်ခဲ့သော သီချင်းများတွင်ပင် "ဆိုရှယ်လစ်ဒီမိုကရေစီ တို့နိုင်ငံတော်" ဟူသော စာသားမှာ ပါဝင်ခဲ့ပြီးဖြစ်လေရာ အာဏာရရှိရေး စကားလုံးဗန်းပြ ဟစ်ကြွေးသူလူတစ်စုအပေါ် ကျွန်တော့်အနေဖြင့် နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတော့သည်။ နောက်ဆုံးတွင် အစိုးရ၏အာဏာစက်ပျက်ယွင်းကာ သူတစ်လူ ငါတစ်မင်းဖြစ်လာသဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်းထိန်းသိမ်းရယူလိုက်ရသည်။ အရေးအခင်းကာလအခြေအနေမှာ အာဖဂန်နစ္စတန်တွင် ၁၉၇၉ခုနှစ် ရုရှားတပ်များ ဆုတ်ခွာသွားအပြီး ဒေသအလိုက် လူမျိုးစုသူပုန်ခေါင်းဆောင်များ တစ်ဗိုလ်တစ်မင်း ထကြွကြ၍ နောက်ဆုံး ကဘူးမြို့တော်တိုင်အောင် ချီတက်သိမ်းပိုက်ကြပုံနှင့် အလားသဏ္ဍာန်ဆင်တူပါလိမ့်မည်။ ထိုစဉ်က တပ်မတော်၏ နိုင်ငံ့တာဝန်လွှဲပြောင်းရယူမှုသည် ဒီမိုကရေစီနှင့်စည်းစနစ်မကျဟု ဆိုနိုင်ကြမည်ဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်ထောင်စုတစ်ခုလုံးအား ကယ်တင်ရန် ယင်းနည်းလမ်းမှတစ်ပါး အခြားနည်းမရှိတော့သည်ကိုမူ သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြင့် တစ်ပါတီစနစ်ချုပ်ငြိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အား တည်ဆောက်ရန်ဖြစ်လာသည်။ သို့သော်လည်း ၁၉၈၈အချိန်ကာလကို ပြန်လည်သုံးသပ်ကြည့်ပါက အစိုးရယန္တရားတွင် စီမံခန့်ခွဲမှုအဆင့် ရာထူးဌာနန္တရများရယူထားသော အသက်(၅၀)အရွယ် ပုဂ္ဂိုလ်များမှာ ပါလီမန်ဒီမိုကရေစီခေတ် အုပ်ချုပ်ပုံယန္တရားနှင့် ကောင်းစွာယဉ်ပါးသူများမဟုတ်ဟုဆိုနိုင်သည်။ ယင်းပုဂ္ဂိုလ်များသည် ၂၆နှစ်တာ လုပ်ငန်းခွင်အတွင်း ဆိုရှယ်လစ်လမ်းစဉ်နှင့် တစ်ပါတီအုပ်ချုပ်ရေးစနစ်ကိုသာ ရင်းနှီးကျွမ်းဝင်သူများဖြစ်ကြသည်။ ထိုစဉ်က အသက်(၃၀)အရွယ် ဝန်ထမ်းငယ်လေးများဖြစ်သော ကျွန်တော်တို့သည်လည်း တစ်ပါတီဆိုရှယ်လစ်စနစ်နှင့် အုပ်ချုပ်မှုယန္တရားကိုသာ ခံယူနားလည်ထားကြသူများ ဖြစ်သည်။ ငယ်စဉ်ကျောင်းသားဘဝကတည်းက နံနက်တိုင်းရွတ်ဆိုကြရသော အဓိဋ္ဌာန်ပါ "ဆိုရှယ်လစ်လူ့ဘောင်သို့ မရောက်ရောက်အောင် ချီတက်ပါမည်ဟု အလေးအနက်အဓိဋ္ဌာန်ပြုပါသည်" ဆိုသည့် ရည်မှန်းချက်နှင့် ဝန်ထမ်းငယ်များသည် စနစ်သစ်တွင် ဘာဖြစ်၍ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ခဲ့ကြရသည်။ ထို့အတူပင် တစ်ပါတီစနစ်၏ အခြားသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးယန္တရားများအတိုင်း ထိစပ်ဆက်နွယ်လိုက်ပါလှုပ်ရှားလာခဲ့ကြရသော ပြည်သူလူထုတစ်ရပ်လုံးသည်လည်း ယန္တရားအသစ်ဝယ် ကြီးစွာသောအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရန် အကြောင်းဖန်လာခဲ့ပါသည်။

အမှန်စင်စစ်တွင် နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှ တစ်ခုသို့ အသွင်ကူးပြောင်းရေးဆိုသည်မှာ လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့်နက်သော အလွန်ကြီးမားရှုပ်ထွေးလှသည့် လုပ်ငန်းစဉ်ကြီးပင်ဖြစ်သည်။ နယ်နိမိတ်၊ လူမျိုး၊ အစိုးရနှင့် အချုပ်အခြာအာဏာ တည်းဟူသော နိုင်ငံတစ်နိုင်ငံသတ်မှတ်ချက်၏ သမိုင်းကြောင်း၊ လူမျိုးစုများအရေး၊ ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ အစရှိသည်တို့နှင့် အပ်ကျမပ်ကျကိုက်ညီသော တည်ငြိမ်သည့် နိုင်ငံအုပ်ချုပ်ရေးစနစ်တစ်ခု ဖြစ်ပေါ်လာဖို့ဆိုသည်မှာ အချိန်ကာလတစ်ခုပေး ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်ကြီးလည်း ဖြစ်သည်။ အသွင်ကူးပြောင်းရေးအတွက် စိတ်တူကိုယ်တူနှင့် အသွင်သဘောတူအားလုံးက စည်းလုံးညီညွတ် ငြိမ်းချမ်းစွာ အဖြေရှာ လျှောက်လှမ်းကြလျှင်ပင် အချိန်ကာလတစ်ခုတော့ ယူကြရဦးမည်ဖြစ်သည်။ သို့မဟုတ်ဘဲ သူတစ်လူ၊ ငါတစ်မင်း၊ သူမှားသည်၊ ကိုယ်မှန်သည်၊ ဖရိုဖရဲတကွဲစီ လျှောက်လှမ်းကြမည်ဆိုပါက ကြန့်ကြာနိုင်မည့် အချိန်ကာလမှာ မှန်းဆ၍ မရနိုင်လောက်သည်ကို သဘောပေါက်ကြပြီး ဖြစ်ပါလိမ့်မည်။ ယင်းသို့သော အခြေအနေတွင် နိုင်ငံတော်အား ပြည်သူလူထု တစ်ရပ်လုံး အလိုရှိနေသော ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေး ယန္တရားစနစ်သို့ အေးချမ်းသာယာငြိမ့်ညောင်းစွာ ကူးပြောင်းနိုင်ရန်၊ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များအား တစ်ပါတီအုပ်ချုပ်ရေး ယန္တရားစနစ်မှ ပါတီစုံအုပ်ချုပ်ရေး ယန္တရားစနစ်နှင့် အံဝင်ကိုက်ညီလာရန်၊ ကျန်ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီး၏ ဥပဒေလုပ်ထုံးလုပ်နည်းများသည်လည်း ပါတီစုံဒီမိုကရေစီစနစ် အုပ်ချုပ်ပုံယန္တရားနှင့် ကိုက်ညီလာစေရန် အစရှိသည်တို့အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။

ထို့ကြောင့် **တပ်မတော်အစိုးရသည် ၁၉၈၉ ခုနှစ်မှစ၍ အသွင်ကူးပြောင်းရေးကာလအဖြစ် ပြည်ထောင်စုတစ်ခုလုံးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်အားချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်သို့ စတင်လျှောက်လှမ်းစေခဲ့ရာ ဆယ်စုနှစ်ဝက်တစ်ခုအတွင်း လမ်း၊ တံတား၊ ဆည်၊ ဆေးရုံ၊ ကျောင်းများ နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်၏ တစ်နှစ်ထုတ်ကုန်တန်ဖိုး၊ တစ်ဦးချင်းဝင်ငွေတန်ဖိုး စသည်တို့လည်း အဆများစွာ မြင့်တက်လာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တစ်မုဟုတ်ချင်း များပြားတိုးတက်လာသည်။ တစ်ပြိုင်နက်တည်းတွင် နိုင်ငံတော်၏အသက်ခန္ဓာဟု ခေါ်ဆိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရေးစနစ်သစ်နှင့်အညီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးဆွဲနိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စားပြုအမျိုးသားညီလာခံကြီးအား ၁၉၉၃ခုနှစ်မှ စတင်၍ ခေါ်ယူကျင်းပပေးခဲ့သည်။** ထိုစဉ်က ကျွန်တော်တို့အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လိုလားတောင့်တလျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ မကြာမီ ရောက်ရှိတော့မည်ဟူသော မျှော်လင့်ချက်များနှင့် ကြည်နူးဝမ်းသာခဲ့ကြပါသည်။ သို့သော်လည်း မျှော်လင့်ချက်နှင့် ဝမ်းသာကြည်နူးမှုများမှာ ခေတ္တခဏမျှသာဖြစ်ခဲ့သည်။ အမျိုးသားညီလာခံ၏ အခန်းကဏ္ဍ အကြောင်းအရာအချို့နှင့် ပတ်သက်၍ NLD ပါတီက အကြောင်းပြကန့်ကွက်ပြီး ညီလာခံကိုကျောခိုင်းသွားခဲ့သည်။ သို့ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာရန် အသက်တမျှအရေးကြီးလှသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံများကို ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးသည် ၁၉၉၆ခုနှစ်တွင် ယာယီရပ်နားခဲ့ရလေတော့သည်။

NLD ပါတီသည် အမျိုးသားညီလာခံကို ဆန့်ကျင်ကန့်ကွက်ရုံဖြင့် မကျေနပ်သေးပေ။ နိုင်ငံတကာသို့လည်း ရင်းနှီးမြှုပ်နှံမှုများ မလာရောက်ရေး ကန့်ကွက်ပိတ်ပင်ခဲ့သည်။ အမေကျော် ဒွေးဘော်လွမ်းသော စိတ်ဓာတ်ဖြင့် ပြည်ပအားကိုးရာကာ မကြံစည်အပ်၊ မကြံစည်ထိုက်သည်များကို အစဉ်မပြတ်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်အချိန်ကာလသည် အာရှတွင် ငွေကြေးအကျပ်အတည်း ဆိုက်ရောက်ချိန်ကာလနှင့်လည်း တိုက်ဆိုင်ခဲ့သဖြင့် နိုင်ငံနှင့်ပြည်သူလူထုမှာ အခက်အခဲများကြုံတွေ့ပြီး သောကပွေခဲ့ကြရသည်။

ပါတီစုံဒီမိုကရေစီကို ဖော်ဆောင်ပေး... အကျပ်ရိုက်စေရေး၊ အမြန်ဆုံး ပြု... မြေပေါ်မြေအောက် နည်းမျိုးစုံသုံး၍ အနု... နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း... ကြိုးပမ်းလှုပ်ရှားခဲ့ကြသည်။ ၎င်းတို့၏... အတိဒုက္ခရောက်ခဲ့ရသူများမှာ တပ်မ... လူထုသာဖြစ်သည်ဆိုသည်ကို သိလျက်... နိုင်ငံတော်၏ အုပ်ချုပ်ပုံယန္တရားစန... အဆင့်အနေဖြင့် ဆောင်ရွက်နေသေ... ကျောခိုင်းရုံသာမက ဆန့်ကျင်ကန့်ကွ... စည်းလုံးညီညွတ်စွာ တက်ရောက်နေ... ထားအား မျက်ကွယ်ပြုလျက် ၎င်းတို့လု... လုပ်ဆောင်နေပုံကို ကွက်ကွက်ကွင်... တပ်မတော်အစိုးရကမူ ပြည်သူလူထု... အတိုင်း ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေ... အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ... ရေးရှု၍ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်... (၇)ရပ် ချမှတ်ကာ ပထမအဆင့်ဖြစ်သေ... ပြန်လည်ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်မှ... ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ယခု...

> **နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှတစ်ခုသို့ အသွင်ကူ...**
> **ဆိုသည်မှာ လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှ...**
> **အလွန်ကြီးမားရှုပ်ထွေးလှသည့် လုပ်ငန်းစဉ်ကြီးပင်ဖြ...**
> **လူမျိုး၊ အစိုးရနှင့် အချုပ်အခြာအာဏာ တည်းပ...**
> **တစ်နိုင်ငံ သတ်မှတ်ချက်၏ သမိုင်းကြောင်း၊ လူမျိုး...**
> **ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ အစရှိသည်တို့နှင့် အ...**
> **ကိုက်ညီသော တည်ငြိမ်သည့် နိုင်ငံအုပ်ချုပ်...**
> **ဖြစ်ပေါ်လာဖို့ဆိုသည်မှာ အချိန်ကာလတစ်ခုပေး...**
> **ကြရမည့် လုပ်ငန်းစဉ်ကြီးလည်းဖြစ်။**

နိုင်ငံအသွင်ကူးပြောင်းရေးအတွက် ... ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကျန်ရှိ... ချမှတ်နိုင်ရန် နောက်ဆုံးအကြိမ် အမျိုး... ဖြစ်ပါသည်။

အမျိုးသားညီလာခံကြီးအား နော... မည်ဟုဆိုသဖြင့် ဖွဲ့စည်းပုံအခြေခံဥပ... အရာများအား ညှိနှိုင်းသဘောတူထား... ယင်းနှင့်ပတ်သက်၍ ဆောင်းပါးရှင် စိုး... **နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်... အနှစ်သာရ"** စာအုပ်တွင် ပြည့်စုံစွာဖေ... နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်ကို... (၇)ခု၊ ပြည်ထောင်စုနယ်မြေ(၂)ခု၊ ကိုယ... ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ဟူ... အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အု... သတ်မှတ်ချက်စံနှုန်းများဖြင့် ဖွဲ့စည်း... နိုင်ငံတော် ဥပဒေပြုမှုအပိုင်းတွင် ပြ... လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြ... ကြီး လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်... အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ စ... အဆင့်ဆင့် ခွဲဝေပေးထားသည်။ ပြည်သ... အခြေခံရွေးချယ်ထားသော လွှတ်တေ... တပ်မတော်သားလွှတ်တော်ကိုယ်စားလှ... အမျိုးသားလွှတ်တော်အား ပြည်နယ်န... (၁၂)ဦးစီဖြင့် တူညီစွာရွေးချယ်ထား...

> **ပါတီစုံဒီမိုကရေစီကို ဖော်ဆောင်ပေးနေပါသော တပ်မတော် အစိုးရ အကျပ်ရိုက်စေရေး၊ အမြန်ဆုံး ပြုတ်ကျစေရေး ပြည်တွင်း ပြည်ပ၊ မြေပေါ်မြေအောက် နည်းမျိုးစုံသုံး၍ အနုအကြမ်း ရမ်းကား ဆောင်ရွက်ပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် အမြန်ရယူ နိုင်ရေးအတွက် ကြိုးပမ်းလှုပ်ရှားခဲ့ကြ။ ၎င်းတို့၏ ဆောင်ရွက် ချက်များကြောင့် အတိဒုက္ခရောက်ခဲ့ရသူများမှာ တပ်မတော်အစိုးရ မဟုတ်ဘဲ ပြည်သူလူထုသာ ဖြစ်သည်ဆိုသည်ကို သိလျက်နှင့် မိုက်တွင်းဆက်နက်ခဲ့။**

...ပြောင်းရေး

ဦးဆွေ (မဟာန်း)

ပါတီစုံဒီမိုကရေစီကို ဖော်ဆောင်ပေးနေပါသော တပ်မတော်အစိုးရ အကျပ်ရိုက်စေရေး၊ အမြန်ဆုံး ပြုတ်ကျစေရေး ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် နည်းမျိုးစုံသုံး၍ အနုအကြမ်း ရမ်းကားဆောင်ရွက်ပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် အမြန်ရယူနိုင်ရေးအတွက် ကြိုးပမ်းလှုပ်ရှားခဲ့ကြသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များကြောင့် အတိဒုက္ခရောက်ခဲ့ရသူများမှာ တပ်မတော်အစိုးရမဟုတ်ဘဲ ပြည်သူလူထုသာဖြစ်သည်ဆိုသည်ကို သိလျက်နှင့် မိုက်တွင်းဆက်နက်ခဲ့သည်။

နိုင်ငံတော်၏ အုပ်ချုပ်ပုံယန္တရားစနစ် အသွင်ကူးပြောင်းရန် ပထမ အဆင့်အနေဖြင့် ဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးအား ကျောခိုင်းရုံသာမက ဆန့်ကျင်ကန့်ကွက်နေခြင်းသည် ညီလာခံတွင် စည်းလုံးညီညွတ်စွာ တက်ရောက်နေကြသော အများစု၏ သဘောထားအား မျက်ကွယ်ပြုလျက် ၎င်းတို့လူတစ်စုသာ အာဏာအမြန်ရရှိရေး လုပ်ဆောင်နေပုံကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခဲ့ကြရသည်။ တပ်မတော်အစိုးရကမူ ပြည်သူလူထုအား ပေးအပ်ထားသည့် ကတိအတိုင်း ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံးပေါ်ပေါက်လာရေးကို ရှေးရှု၍ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ကာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးအား ပြန်လည်ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ စဉ်ဆက်မပြတ် ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ယခု ၂၀၀၇ ခုနှစ် ရောက်ရှိလာချိန်တွင်

...ခုမှတစ်ခုသို့ အသွင်ကူးပြောင်းရေး ...င့် ခက်၊ တိမ်မယောင်နှင့် နက်သော ...ည့် လုပ်ငန်းစဉ်ကြီးပင်ဖြစ်။ နယ်နိမိတ်၊ ...ခြာအာဏာ တည်းဟူသော နိုင်ငံ ...သမိုင်းကြောင်း၊ လူမျိုးစုများအရေး၊ ...လာ အစရှိသည်တို့နှင့် အပ်ကျမပ်ကျ ...ည့် နိုင်ငံအုပ်ချုပ်ရေးစနစ်တစ်ခု ...ချိန်ကာလတစ်ခုပေး ဆောင်ရွက် ...ည်းဖြစ်။

နိုင်ငံအသွင်ကူးပြောင်းရေးအတွက် အသက်တမျှ အရေးပါလှသော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကျန်ရှိသော အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် နောက်ဆုံးအကြိမ် အမျိုးသားညီလာခံကို ကျင်းပတော့မည် ဖြစ်ပါသည်။

အမျိုးသားညီလာခံကြီးအား နောက်ဆုံးအကြိမ်အဖြစ် ကျင်းပတော့မည်ဟုဆိုသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် မည်သည့်အကြောင်းအရာများအား ညှိနှိုင်းသဘောတူထားကြသည်ကို သိရှိစေလိုပါသည်။ ယင်းနှင့်ပတ်သက်၍ ဆောင်းပါးရှင် စိုးမြကျော်ရေးသားသော **"အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်၊ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ"** စာအုပ်တွင် ပြည့်စုံစွာဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်ကို ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး (၇)ခု၊ ပြည်ထောင်စုနယ်မြေ(၂)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ဟူ၍ ဖွဲ့စည်းသွားမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက် သတ်မှတ်ချက်စံနှုန်းများဖြင့် ဖွဲ့စည်းပေးခြင်းဖြစ်သည်။ အနာဂတ်နိုင်ငံတော် ဥပဒေပြုမှုအပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ စသဖြင့် ဥပဒေပြုရေးအာဏာကို အဆင့်ဆင့် ခွဲဝေပေးထားသည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအပေါ် အခြေခံရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ် (၃၃၀)နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၁၁၀) ပါဝင်မည်။ ထို့အတူ အမျိုးသားလွှတ်တော်အား ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုလျှင် (၁၂)ဦးစီဖြင့် တူညီစွာရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်

တပ်မတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အေးချမ်းတည်ငြိမ် အောင်မြင်စွာ အမြန်ဆုံးပြီးစီးစေရေး ပံ့ပိုးပါဝင် ထောက်ခံကူညီပေးကြခြင်းသည်သာ အနာဂတ်နိုင်ငံတော်သစ်နှင့် မျိုးဆက်သစ်များအတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

(၁၆၈)ဦး ရှိမည်ဖြစ်ပြီး ယင်းတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၅၆)ဦးပါဝင်မည်ဖြစ်သည်။ ထို့အတူ ပြည်နယ်နှင့်တိုင်း ဒေသကြီးလွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များကိုလည်း ဖွဲ့စည်းမှုသတ်မှတ်ချက်များ အသေးစိတ် ချမှတ်ပြီးဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ အနာဂတ်နိုင်ငံတော်၏ အချုပ်အခြာအာဏာကျင့်သုံးရန် အခြေခံမူများ၊ နိုင်ငံတော်တည်ဆောက်ရေးကို အထောက်အကူပြုစေမည့် စီးပွားရေးစနစ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာသည့် ဘဏ္ဍာရေးစနစ် ပေါ်ပေါက်ရေး အစရှိသည်တို့ကို ပြုစုညှိနှိုင်းခဲ့ကြပြီးဖြစ်သည်။ သို့ဆိုလျှင် အမျိုးသားညီလာခံ၌ စိတ်တူသဘောတူ ညှိနှိုင်းဆွေးနွေးကြလျက်ရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများသည် ကျွန်တော်တို့လိုချင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ရောက်ရှိစေရန်အတွက် မည်ရွေ့မည်မျှအထိ အရေးပါအရာရောက်လှသည်ကို တွေ့ရှိသဘောပေါက်ကြပါလိမ့်မည်။

သို့သော်လည်း ယခုအချိန်တိုင်အောင်ပင်လျှင် NLD ပါတီအနေဖြင့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ညှိနှိုင်းဆွေးနွေး၍ အခြေခံမူ၊ အသေးစိတ် အခြေခံမူများ ချမှတ်နေခြင်းကို ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လျက်ရှိဆဲဖြစ်သည်။ ထို့အပြင် ၈၈မျိုးဆက်ကျောင်းသားများ အမည်ခံ အုပ်စုကလည်း အမျိုးမျိုးအဖုံဖုံ အနှောင့်အယှက် ပြုနေကြဆဲဖြစ်သည်။ တပ်မတော်အစိုးရအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တလျက်ရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် အဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့မြင်နေရပါလျက် အဘယ်ကြောင့် ယင်းပါတီနှင့် အဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်နေကြသည်ကို အချိန်ကာလ ကြာလာသည်နှင့်အမျှ ကျွန်တော်တို့ လုံးဝ နားမလည်နိုင်အောင် ဖြစ်လာရသည်။

ဒီမိုကရေစီကို လိုလားတောင့်တနေသော ပြည်သူလူထုဆိုသည့် အထဲတွင် NLD ပါတီလည်း အပါအဝင်ဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလ အမြန်ဆန်ဆုံး ပြီးဆုံးသွားစေရန် အားလုံးနှင့် ထပ်တူထပ်မျှ တစ်သဘောတည်းရှိသင့်သည်။ မင်းသားကြီး မလုပ်ရ၍ ပတ်မကြီးအား ထိုးဖောက်သကဲ့သို့ မိမိအာဏာမရ၍ တပ်မတော်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ် အဆင့်ဆင့်အား ဖျက်လိုဖျက်ဆီး ဆောင်ရွက်ခြင်းသည် ရေရှည်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးကိုသာ တစ်စထက်တစ်စ အကျိုးယုတ်စေမည်ကို သဘောပေါက်သင့်ပြီ ဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ ၂၀၀၃ ခုနှစ်၊ မတ်လတွင် အမေရိကန်တို့ အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ပြီး (၂)လအကြာ၌ နိုင်ငံရေး ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသူ သုတေသီ တချို့က ထွက်ပေါက် မဟာဗျူဟာ(Exit Strategy) ဆိုသည်အား ထောက်ပြသည်ကို ကျွန်တော်အမှတ်ရမိသည်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ထပ်မံစေလွှတ်ခြင်း၊ အီရတ်တပ်မတော်အား ဖျက်သိမ်း၍ ဩဇာခံ ရုပ်သေးအစိုးရ ထူထောင်ပေးခြင်းတို့ထက် ဘော့စနီးယား ပဋိပက္ခတုန်းကကဲ့သို့ နိုင်ငံတကာ ညွှန့်ပေါင်းတပ်ဖွဲ့များ အစားထိုးဝင်ရောက်ထိန်းသိမ်းစေခြင်း၊ ဒေသန္တရအဆင့် အုပ်ချုပ်မှုကောင်စီများ ထူထောင်၍ အီရတ်နိုင်ငံသားများအား အုပ်ချုပ်စေခြင်း၊ အီရတ်တပ်မတော်ဖွဲ့စည်းထားရှိစေခြင်း၊ ကုလသမဂ္ဂအား ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လာရန် ဆွဲဆောင်ခြင်း အစရှိသည်တို့ကို ဦးစားပေးပြုလုပ်၍ အမေရိကန်နှင့် ဗြိတိန်တပ်များအား ဆွဲထုတ်ရန် တစ်ခုတည်းသော ထွက်ပေါက် မဟာဗျူဟာအဖြစ် သုံးသပ်အကြံပြုခဲ့ကြသည်။ သို့သော်လည်း အမေရိကန်သမ္မတဘုရှ်အစိုးရက ခေါင်းမာစွာဖြင့် တပ်စွဲဆောင်ရွက်မှု မဟာဗျူဟာကိုသာ ဆက်လက်ပြုလုပ်ခဲ့ရာ အမေရိကန်စစ်သား ထောင်ပေါင်းများစွာ၏ အသက်များအား ယနေ့တိုင် ပေးဆပ်နေရဆဲဖြစ်သည့်အပြင် အီရတ်ပြည်သူလူထု တစ်ရပ်လုံးမှာလည်း မြေစာပင်ဘဝဖြင့် ကျီးလန့်စာစား နေထိုင်သွားလာနေကြရဆဲ ဖြစ်သည်ကို သာဓကတစ်ခုအဖြစ် တွေးတောဆက်စပ်မိသည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အမှန်တကယ် ရောက်ရှိလိုပါက တစ်ခုတည်းသော ထွက်ပေါက် မဟာဗျူဟာမှာ တပ်မတော်အစိုးရက သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသော လမ်းပြမြေပုံ(၇) ဆင့်သာ ဖြစ်သည်။ ယခုပထမအဆင့်၏ နောက်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး ကျန်အဆင့်များ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာ ပြီးမြောက်စေရေး အတွက် ပြည်သူလူထုတစ်ရပ်လုံး စိတ်တူကိုယ်တူ တစ်သဘောတည်း ဆောင်ရွက်ကြခြင်းသည်သာ အကောင်းဆုံးသော နည်းလမ်းဖြစ်မည်ဆိုသည်ကို ကျွန်တော်တို့အားလုံး နားလည် ယုံကြည်မှုထားသင့်ကြပါပြီ။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သော ပြင်သစ်နိုင်ငံ၏ ဒီမိုကရေစီနည်းကျ အစိုးရရွေးချယ်တင်မြှောက်မှု ပုံစံနှင့် အေးချမ်းတည်ငြိမ်၍ စည်းစနစ်ကျနသော အာဏာလွှဲပြောင်းပေးအပ်မှုမျိုး ကျွန်တော်တို့နိုင်ငံ၌လည်း ဖြစ်ပေါ်လာမည်သာဖြစ်ပါသည်။ ယင်းသို့ ပြည်သူလူထုက စိတ်တိုင်းကျရွေးကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် စည်းစနစ်ကျနသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော နိုင်ငံတော်သစ် ပုံစံမျိုးကို အမြန်ဆုံးလိုလားတောင့်တမိသည်။

ကျွန်တော်အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ အဇ္ဈတ္တစိတ်အတွင်း သန္တာန်တွင်လည်း ထိုသို့ပင်ရှိမည်ဟု ယုံကြည်ပါသည်။ ယုံကြည်သည့်အတိုင်းလည်း **တပ်မတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အေးချမ်းတည်ငြိမ် အောင်မြင်စွာ အမြန်ဆုံးပြီးစီးစေရေး ပံ့ပိုးပါဝင် ထောက်ခံကူညီပေးကြခြင်းသည်သာ အနာဂတ်နိုင်ငံတော်သစ်နှင့် မျိုးဆက်သစ်များအတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။** သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်စေရေး အသွင်ကူးပြောင်းသောကာလတွင် အမြော်အမြင်ရှိစွာဖြင့် ပံ့ပိုးဆောင်ရွက်ခဲ့သည့် မျိုးဆက်တစ်ခုအနေဖြင့် ကျွန်တော်တို့ကို မြန်မာ့သမိုင်းမော်ကွန်း၌ ကမ္ပည်းတင် ကျန်ရစ်စေလိမ့်မည်ဖြစ်သည်။ ။

ညီလာခံမှာ ဆုံကြမည်

☆ ရှေ့လမ်းစဉ်ခုနစ်ရပ်၊ မူချမှတ်လျက်
တည့်မတ်ပေးသည့် ညီလာခံ။

☆ ဦးတည်ခြောက်ရပ်၊ မူဘောင်မှတ်၍
ထူထောင်ရပ်သည့် ညီလာခံ။

☆ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်
တရားရေးဆိုင်ရာ၊ အာဏာခွဲဝေမှု၊
ဝေဖန်ရှုလျက် ပြုစုနေသည့် ညီလာခံ။

☆ ပြည်ထောင်စုနှင့်၊ ပြည်သူ့လွှတ်တော်၊
အမျိုးသားလွှတ်တော်၊ လွှတ်တော်အဆင့်ဆင့်၊
မူလအခွင့်အရေး၊ တာဝန်ပေးမည့်၊
အသေးစိတ်မူ၊ တူညီပြုကြ ညီလာခံ။

☆ ကျန်သည့်အခန်း၊ ခုနစ်ခန်းကို၊
စုဝန်းတိုင်ပင်၊ ညီညွတ်ပြင်လျက်၊
အစဉ်သဖြင့်၊ ပြင်ဆင်နှင့်၍၊
အသင့်ရှိသည့် ညီလာခံ။

☆ အခြေခံဥပဒေ၊ ပြုလေရာတွင်၊
ပြင်ဆင်ဖြည့်စွက်၊ ချို့ယွင်းချက်ကို၊
ပယ်ဖျက်ပြုပြင်၊ ဆင်ခြင်သတိ၊
မရှိမှားယွင်း၊ အပြစ်ကင်းအောင်၊
သတိဆောင်လျက်၊ မူဘောင်အတွင်း၊
ညီနောင်ရင်းတို့၊ စဉ်းစားညှိနှိုင်း၊
ဒို့တွေဝိုင်း၍၊ မဆိုင်းမတွ၊
ဆုံးဖြတ်ကြရန်၊ ဒို့ရည်သန်လျက်၊
ညီလာခံမှာ ဆုံကြမည်။ ။

တက္ကသိုလ်တင်ခ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၇။ အရေးပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၅:၀၅ ၆။ အကပဒေသာ
၅:၁၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၂၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၄၅ ၁၀။ **"ရှင်သန်ခြင်း" (မင်းဟိဏ်း၊ဆုပန်ထွာ၊ဖိုးဖြူ၊ ခင်စိုးပိုင်၊ကြည်စိုး(IC)၊ သန်းသန်းစိုး) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၀ ၁၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
၇:၁၀ ၁၅။ ကတိုက်ရေလှောင်တမံ
၇:၂၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာ ရွှေအိပ်မက်" (အပိုင်း-၁၆)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယ ချစ်ပုံပြင်" (အပိုင်း-၂၇)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးတို့ ၂၀၀၇ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များစိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ၂၀၀၇ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနများ၏ ရုံးအနီး၌ ကျင်းပရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စိုက်ခင်းတွင် ခရေပင်များကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စိုက်ခင်းတွင် ခြံစည်းရိုးကြက်ဆူပင်များကို လည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ သတ်မှတ်နေရာများတွင် သစ်ပင်ပျိုးပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တွင် ကျွန်းပင် ၃၀၀၊ ခြံစည်းရိုးကြက်ဆူပင် ၄၀၀၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ အင်ကြင်း စသည့် ပန်းအလှပင် ၁၀၀ စုစုပေါင်း သစ်ပင်ပျိုးပင် ၈၀၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပ အထက(၁) ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက် ၉နာရီတွင် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း၌ကျင်းပရာ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များနာယူကြသည်။ ယင်းနောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ငွေပဒေသာပင်များစိုက်ထူလှူဒါန်းကြရာ အလှူရှင် အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်၊ ဇနီးဒေါ်စန်းကြည်(ခ)ဒေါ်မြစမ်းကြည် မိသားစုတို့၏ ငွေကျပ် ၁၁၀၀၀၀အပါအဝင် စုစုပေါင်း ကျပ်၇၅၅၅၀၀ကို အလှူရှင်မိသားစုနှင့် မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းတို့က ပေးအပ်လှူဒါန်းကြရာ နာယက ဆရာဦးရဲဒင်က လက်ခံရယူသည်။ (က–ပ)

ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ ရန်ကုန်ဘူတာကြီးသို့ မြန်မာ့မီးရထားဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဘူတာကြီးတို့မှ ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မကွေးတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှတာဝန်ရှိသူများကကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့တက်ရောက်ရန် စစ်ကိုင်းတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလဆန်း ၈ရက်၊ ဇူလိုင် ၂၂ရက် တနင်္ဂနွေနေ့ နံနက်၁၀နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ကျိုက်လတ်မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၃၊ ဦးကျော်ရင် ဖုန်း–၅၆၀၅၂၀၊ ဦးအောင်ဆန်း ဖုန်း–၅၅၃၄၃၅၊ ဦးသိန်းလွင် ဖုန်း–၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း–၂၆၉၂၀၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၉)

ချမ်းမြေ့မြိုင်ကျောင်း ဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန်ရပ် ချမ်းမြေ့မြိုင်ကျောင်း၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန်–ဒေါ်အေးမွန်ရှိန် မိသားစုက မတည်၍ ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့ကကြီးမှူးကာ သံဃာတော်အပါး ၅၀ တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည် ဖြစ်ရာ အလှူရှင်များသည် သင်္ကန်းများကို ဆရာတော် သံဃာတော်များထံ နံနက် ၇ နာရီခွဲတွင် ကိုယ်တိုင်လာရောက်လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ကျောက်စိမ်းအတွဲများ ၁၀ရက်အတွင်း ၄၂၆၁ တွဲ ရောင်းချရ ပြည်တွင်းပြည်ပ ရတနာကုန်သည်ပေါင်း ၄၀၉၃ ဦး တက်ရောက် အပြိုင်အဆိုင်ဝယ်ယူကြ၍ ခန်းမကြီးတစ်ခုလုံး ပြည့်လျှံသွား

ရန်ကုန် ဇူလိုင် ၁၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီကကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဒသမနေ့အဖြစ် ယနေ့ နံနက်၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ဆက်လက်ရောင်းချရာ ပြည်တွင်းပြည်ပရတနာကုန်သည်ပေါင်း၄၀၉၃ဦးတက်ရောက်၍ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဝယ်ယူကြရာ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမကြီးတစ်ခန်းလုံး ပြည့်လျှံသွားသည်။

၂၀၀၇ခုနှစ် ဇူလိုင်လကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် နံနက် ၈နာရီမှ ညနေ၄နာရီအထိကျောက်စိမ်းအတွဲပေါင်း ၄၅တွဲရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

အဆိုပါ ၂၀၀၇ခုနှစ် ဇူလိုင်လကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ညနေပိုင်းအထိ ၁၀ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း၄၂၆၁တွဲ ကိုရောင်းချခဲ့ရသည်။

အဆိုပါ ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၄ နိုင်ငံ၊ ကုမ္ပဏီပေါင်း၂၃၁၂ ခုမှ ပြည်ပရတနာကုန်သည်ပေါင်း၂၄၃၇ဦးနှင့် ပြည်တွင်းနိုင်ငံသားကုမ္ပဏီပေါင်း၅၂၇ခုမှ နိုင်ငံသားရတနာကုန်သည်ပေါင်း ၁၆၅၆ ဦး၊ စုစုပေါင်း ပြည်တွင်းပြည်ပရတနာကုန်သည် ၄၀၉၃ ဦးတို့တက်ရောက်ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဇူလိုင်၁၆ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အ င် တ ာ န က် သ တ င်း

ကုလားအုတ်နို့ကိုအသုံးပြု၍ အသားလှဆီထုတ်လုပ်နိုင်

နယူးဒေလီ ဇူလိုင် ၁၅

ကုလားအုတ်နို့ကိုအသုံးပြု၍ အသားလှအဆီ ထုတ်လုပ်နိုင်သော နည်းလမ်းကို မိမိတို့ ရှာဖွေတွေ့ရှိပြီ ဖြစ်ကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ယနေ့ပြောကြားသည်။

အိန္ဒိယ သိပ္ပံပညာရှင်များသည် ကုလားအုတ်နို့၌ပါဝင်သော ဓာတုပစ္စည်းများကို လေ့လာခဲ့ကြသည်။ ကုလားအုတ်နို့အတွင်း အသားလှအဆီပြုလုပ်နိုင်သည့် ဓာတုပစ္စည်းများပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ယင်းအသားလှဆီသည် အသက်အရွယ်အိုမင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပါးရေ၊နားရေတွန့်မှုနှင့်အရေပြားတွန့်မှုတို့ကို ကာကွယ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များကပြောကြားသည်။

ကုလားအုတ်နို့သည် နွားနို့ထက် အဆီဓာတ်နှင့်ပရိုတိန်းဓာတ် ပိုမိုပါဝင်ကြောင်း၊ ကုလားအုတ်နို့၏ဓာတ်ပစ္စည်းများသည် လူတို့၏ကျန်းမာရေးကို အထောက်အကူပေးနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတွင်ကုလားအုတ်နို့ကို ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးအဖြစ် အသုံးပြုမှုများရှိကြောင်း၊ အာရေဗျမျိုးနွယ်ဝင်ဘီဒွန်တိုင်းရင်းသားတို့က ယင်းနို့ကို ဆေးဖြစ်ဝါးဖြစ်သုံးစွဲကြောင်း၊ ကုလားအုတ်နို့ကို ရိုးရာနည်းလမ်းအရ ဒိန်ခဲလုပ်ရန်ခက်ခဲကြောင်း၊ ယင်းမှာအပူချိန်ထိန်းညှိရန် လိုအပ်ခြင်းကြောင့်ဖြစ်ကြောင်း၊ မော်ရီတေးနီးယားနိုင်ငံတွင် ၁၉၉၃ ခုနှစ်မှစ၍ ကုလားအုတ်နို့ဖြင့် ဒိန်ခဲလုပ်သည့် ကုမ္ပဏီပေါ်ပေါက်ခဲ့ကြောင်း သိပ္ပံပညာရှင် ပါးသက်က ပြောကြားသည်။

အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ်တွင် ကုလားအုတ်မွေးမြူရေးခြံကို အစိုးရကဖွင့်လှစ်ထားသည်။ ယင်းခြံတွင်ကုလားအုတ်အကောင် ၂၇၀ရှိပြီး သိပ္ပံသုတေသန လုပ်ငန်းအတွက် အသုံးပြုလျက်ရှိသည်။

(အင်တာနက်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အလုပ်သမားနှင့်ရထားတို့ ဂိုးစံချိန်တင် အနိုင်ရရှိ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ဇူလိုင် ၁၇ရက်စတင်မည်

နေပြည်တော် ဇူလိုင် ၁၅

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ဧ) အုပ်စုမှ အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းက ၂၃ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အလုပ်သမားဝန်ကြီးဌာန ၂၃ဂိုး
ဖြိုးမောင်မောင်ဦး ၁၁ဂိုး၊
ချစ်ကိုကို ခုနစ်ဂိုး၊ သိန်းဇော်
နှစ်ဂိုး၊ ဝေယံစိုး နှစ်ဂိုး၊
ထွန်းထွန်းနိုင် တစ်ဂိုး
ဆောက်လုပ်ရေးဝန်ကြီးဌာန ဂိုးမရှိ
ဒိုင်လူကြီး ဦးမွေးကြိုင်(အဖွဲ့ချုပ်)

ညနေ ၄နာရီတွင် ပေါင်းလောင်း အားကစားကွင်း၌ (ဧ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာရထားပို့ဆောင်ရေး ဝန်ကြီးဌာနဘောလုံးအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှစ်ဂိုး
အောင်မျိုးမင်း လေးဂိုး၊ စိုးထွေး
နှစ်ဂိုး၊ သီဟကိုကို တစ်ဂိုး၊
ရဲကျော် တစ်ဂိုး
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဂိုးမရှိ
ဒိုင်လူကြီး ဦးခင်မောင်ထွေး(အဖွဲ့ချုပ်)

အဆိုပါပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ပထမအဆင့် အုပ်စုပြိုင်ပွဲများ ယနေ့ပြီးစီးသွားပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဇူလိုင် ၁၇ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ (၁၀၇)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် (ဧ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၇ခုနှစ် အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက အောင်ဆန်းအားကစား ပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ယမန်နှစ် ချန်ပီယံအသင်းများဖြစ်သည့် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်သည်။ **(ဝဲပုံ)**

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်း ၁၅ သင်းမှ အားကစားသမား ၁၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲအမျိုးအစား ကိုးမျိုး ထည့်သွင်းကျင်းပသည်။ ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် စတင် ကျင်းပမည် ဖြစ်သည်။ (ကြေးမုံ)

လက်မှတ်ရေးထိုး စာချုပ် ချုပ်ဆိုပွဲနှင့် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

Advanced Diagnostics Products Trading Co,Ltd. နှင့် ROCHE Diagnostics (Thailand) တို့၏ လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုပွဲနှင့် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့် လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုပွဲကို ကျင်းပရာ Advanced Diagnostics Products Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Dr. Andrew Phan နှင့် ROCHE Diagnostics (Thailand)မှ မန်နေဂျင်းဒါရိုက်တာ Mrs. Arirat Banpavichit တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပရော်ဖက်ဆာ ဗိုလ်မှူးကြီး မျိုးညွှန့်(အငြိမ်းစား)က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ROCHE Diagnostics (Thailand) မှမန်နေဂျင်း ဒါရိုက်တာ Mrs. Arirat Banpavichit က ကုမ္ပဏီ အကြောင်းနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ဗန်ကောက် Bumrungrad ဆေးရုံကြီးမှ ရောဂါဗေဒ ဆရာဝန်ကြီး Dr. Narpun Charuraks က ပညာရပ်ဆိုင်ရာများ အကြောင်းကို လည်းကောင်း၊ Advanced Diagnostics Products Trading Co., Ltd မှ မန်နေဂျင်း ဒါရိုက်တာ Dr. Andrew Phan က ကုမ္ပဏီ၏ ဝန်ဆောင်မှုလုပ်ငန်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာများ ဖြစ်ကြသည့် Dr. Andrew Phan နှင့် Mrs. Arirat Banpavichit တို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Advanced Diagnostics Products Trading Co,, Ltd. သည် ဆီးချို၊ သွေးချို၊ သွေးတွင်း အဆီဓာတ်များတိုင်းတာသော စက်ငယ်လေးများ မှစ၍ ကိုယ်ခန္ဓာအတွက် ရောဂါရှာဖွေရေးစက်များ၊ အရေးပေါ်ဌာနနှင့် လူနာတင်ယာဉ်များတွင် တင်ဆောင်အသုံးပြုနိုင်သော Point of Caretesting Meter များကိုပါ တင်သွင်းရောင်းချပေးသော ကုမ္ပဏီဖြစ်ပြီး ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီတစ်ခုဖြစ်သော ROCHE Diagnostics (Thailand) ကုမ္ပဏီ၏ မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိပေးသော ကုမ္ပဏီဖြစ်သည်။ ကုန်ပစ္စည်းရောင်းချရုံသာမက စက်ပစ္စည်းများ ကြံ့ခိုင်မှု ပြုပြင်ထိန်းသိမ်းရေး၊ စက်သုံးစွဲ သူများ ကျွမ်းကျင်လွယ်ကူစွာ အသုံးပြုနိုင်ရေး တို့အတွက် ဝန်ဆောင်မှု အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့် လက်မှတ်ရေးထိုး စာချုပ်ကို Advanced Diagnostics Products Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Dr. Andrew Phan နှင့် ROCHE Diagnostics (Thailand) မှ မန်နေဂျင်းဒါရိုက်တာ Mrs. Arirat Banpavichit တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

သစ်ပင်ပန်းပင်စိုက်ပျိုး

လသာမြို့နယ်၌ **အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁၅ရက်က ကျောင်းအုပ်ဆရာမကြီး ဦးဆောင်၍ ဆရာမများ၊ ကျောင်းသူများ သစ်ပင်ပန်းပင်များ စိုက်ပျိုးကြစဉ်။**

(ပညာရေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၇-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း-၁၂)**
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစုံစမ်း
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာကြီးမား(သား)ပေါင်ချိန်" (အပိုင်း-၇)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

ရိုးရာပန်းပညာရှင်များအစည်းအရုံး သုံးထပ်စာအုပ်အရောင်းဆိုင်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ ပန်းချီကားများ ခင်းကျင်းပြသခြင်းနှင့် သုံးထပ်စာအုပ် အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို အမှတ်(၇၉)၊ သိမ်ဖြူလမ်းရှိ ဗေဒါ စာအုပ်ဆိုင်၌ ယမန်နေ့နံနက် ၉နာရီတွင် ကျင်းပရာ စာရေးဆရာကြီးများ၊ ဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များအစည်းအရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ စာအုပ်ဆိုင်ကြီးတွင် စာအုပ်မျိုးစုံနှင့်တွဲ ဖက်လျက် အစည်းအရုံးဝင် ပညာရှင်များ ရေးဆွဲသည့် ပန်းချီကားများကို ရောင်းချကြောင်း သတင်းရရှိသည်။ (က-ပ)

စက်ရေတွင်းတူးဖော်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

ဦးချစ်မောင်-ဒေါ်တင်တင်(ရွှေဒင်္ဂါး ဆေးတိုက်၊မန္တလေး-ကသာ)သားသမီး မြေးမြစ်မိသားစုတို့က ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် သာသနဓဇ ဓေယျသိဒ္ဓိ စံပြ(၁) ကျောင်းရှိသံဃာတော်များနှင့်တိုက်တွင်းရှိသံဃာတော် အပါး ၆၀၀ကျော်တို့ သောက်သုံးရေများရရှိစေရန် ရေတွင်းတူးဖော်ရန်အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ စံပြ(၁) ဆရာတော်က ဦးဆောင်စီမံညွှန်ကြား၍ ၁၃၆၉ခုနှစ် နယုန်လပြည့်နေ့(မဟာသမယနေ့) တွင် အောင်မြင်စွာ တူးဖော်ပြီးစီးကြောင်းသိရသည်။ (က-ပ)

ပျားရည်ကုန်းရပ်ကွက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ပြည်သူများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ပျားရည်ကုန်းရပ်ကွက် (၁၄၈)လမ်းထိပ်ရှိ အောင် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာဂန္ထဝါစက)အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်၍ အလှူရှင်များ မပျက်မကွက် တက်ရောက်ပူဇော်ပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၂၉၃၁၅၀နှင့် ဒေါ်ကျင်နု ဖုန်း-၂၀၀၉၈၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ သာသနဓောတိက မစိုးရိမ်တိုက်သစ်၌ သီတင်းသုံးတော်မူကြသည့် စာချစာသင် သံဃာတော်အပါး ၃၀တို့အား သာသနပါလ ဂေါပက အဖွဲ့ကကြီးမှူးလျက် ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်) ဇူလိုင် ၂၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၃၉၀၀၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် တက်ရောက်လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၅

ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၃)၊အမှတ်(၂၇)တွင် "မပြန်လမ်းခရီး အပြီးထွက်သွားသူ ဒွေး၏ နောက်ဆုံးအမှတ်တရ ပုံရိပ်သတင်းနှင့် ဓာတ်ပုံများ" အထူးသတင်းကဏ္ဍနှင့်အတူတရားမဝင် အခွန်မဲ့မှောင်ခိုပစ္စည်းများ သိန်းတစ်ထောင်ကျော်ဖိုး မူဆယ်တွင်ဖမ်းဆီးရမိ၊မြန်မာ့ယဉ်ကျေးမှုနှင့် သင့်လျော်မှုမရှိသည့် ဓာတ်ပုံများရိုက်ကူးသူနှင့် ရိုက်ကူးခံရသူနှစ်ဦးလုံးကို တရားလိုမရှိဘဲ အရေးယူနိုင်၊ ဘယ်အငြိုးရယ်ကြောင့် မိုးသည်းရက်သည် (မိုးသည်းထန်သဖြင့် ရွှေပြည်သာရပ်ကွက်အချို့ ရေလွှမ်းမိုးမှုဖြစ်ပွား)၊ ကြွက်သေကြောင့် အသည်းရောင်ရောဂါ ဖြစ်ပွားနိုင် မိုးရာသီတွင် အထူးသတိထားရန်လို စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

"လူငယ်တွေနဲ့ ဥရောပတက်မွေဖို့ကြိုးစားနေတဲ့ ဖာဂူဆန့် အိုင်ဒီယာ"အားကစားဆောင်းပါးနှင့်အတူ မျက်နှာအစားထိုးလက်ခံပုဂ္ဂိုလ် ပြန်လည်ရှင်သန်ပြီဟု ခံစားရ၊ ကမ္ဘာ့အံ့ဖွယ်အသစ်ခုနစ်ပါးကို လူသန်း၁၀၀၏ ဆန္ဒမဲဖြင့်ရွေးချယ်၊ ပုရိသ အမျိုးသားတို့သည်လည်း ဣတ္ထိယ အမျိုးသမီးတို့နှင့်တန်းတူ စကားများကြပေသတည်း၊ တရုတ်နိုင်ငံကာရာအိုကေဧည့်ခန်းပေါက်ကွဲမှု လူ၂၅ဦးဖိတ်စဉ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ကမြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင်ဆရာတော် ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရနှင့် ဝါဆိုသံဃာ၊ သာမဏေများအား (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ နှင့် ပန်းတစ်ပွင့်တောင်လျှပ်စစ်မီးအလှူရှင်များ၊ ဆွမ်း၊ ဆေးထာဝရပဒေသာပင် အလှူရှင်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအလှူရှင်များအား ဂုဏ်ပြုပွဲကိုဝါဆိုလပြည့် ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းတစ်စုံ ကျပ် ၃၀၀၀နှင့် ဆွမ်း၊ ဆေး၊ ပညာရေးပဒေသာပင်တစ်ပင် ကျပ်တစ်သောင်းဖြင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဆရာတော် ဖုန်း-၀၉၅၁-၉၃၈၄၅၊ ဦးမြင့်စိုး ဖုန်း-၆၆၂၃၂၈၊ ဦးကျော်ဝင်း ဖုန်း-၆၄၂၆၂၅၊ ဦးကျော်လွင် ဖုန်း-၆၉၀၁၃၉၊ ဒေါ်တင်တင်ဝင်း ဖုန်း-၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း-၅၇၉၈၀၅၊ ဒေါ်ခင်မိုးလွင် ဖုန်း-၅၀၃၉၉၃ သို့ဆက်သွယ်လှူဒါန်းနိုင်ပြီး အလှူရှင်များ နံနက် ၉နာရီအရောက် ကြွရောက်ပါရန် ဝေယျာဝစ္စအဖွဲ့အား နှိုးဆော်ထားသည်။

(၆၁)

NLDပါတီ၏အကျိုးမဲ့လုပ်ရပ်များကြောင့် ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှုမရှိ လပွတ္တာမြို့နယ်မှ ပါတီဝင်၄၅ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကြည်သန်း၊ ဦးအောင်မျိုးဝင်း၊ ဦးမော့တော့၊ ဦးမြင့်ကြိုင်နှင့် ဦးဝင်းမြင့်တို့အပါအဝင် ပါတီဝင်၄၅ဦးတို့သည် ဇူလိုင် ၅ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏အကျိုးမဲ့လုပ်ရပ်များကြောင့် ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှုမရှိတော့ကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၇ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ "ပြတ်ပြတ်သားသား တရားတော်" (ဓမ္မဒူတ အရှင်ဆေကိန္ဒ)
- ၈း၀၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ ACTIVITIES IN THE CITY
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာရှိန်းဝတ္ထုတိုများ ရေးသားသူ စာရေးဆရာ နော်ရထာဝင်းနှင့် တွေ့ဆုံခြင်း)
- ၉း၃၅ ပြည်တွင်းသတင်း အကျဉ်း
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၅ အောင်မြေရွှေဘိုမြို့ အပိုင်း(၁)
- ၁၀း၃၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၀း၃၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ကိုယ်ဝန်တားဆီးခြင်း နည်းလမ်းများနှင့် ပတ်သက်သော ကျန်းမာရေး အမေးအဖြေများ) (ဒေါက်တာနိုက်တင် ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ မိုးလေဝသ ခန့်မှန်းချက်
- ၁၁း၁၀ အရှိန်အဝါတောက်ပ မီးချောင်းရဲ့သဘာဝ
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ ရေနွေးငွေ့သုံး ဆန်အရောင်တင်စက်
- ၁၁း၅၀ ပြည်တွင်းသတင်း အကျဉ်း
- ၁၂း၀၀ **အား--နာတယ် (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရောမျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၁၂း၁၅ တေးဂီတအစီအစဉ်
- ၁၂း၂၀ Fashion Guide (ငါးထပ်ကွမ်း အကယ်ဒမီ မြင့်မြင့်ခင်နှင့် တွေ့ဆုံခြင်း)
- ၁၂း၄၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၂း၄၅ ပျော်ရွှင်မှုကို ခံစားစေမည့် ဘက်စုံကစားကွင်းဆီ
- ၁း၀၀ MRTV-4 အပိတ်Logo၊

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာ ဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
ညနေ ၄း၅၀	ဗီယက်နမ်-ဂျပန်	MRTV-4(Live)
ည ၇း၀၅	ထိုင်း-ဩစတြေးလျ	MRTV-4(Live)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၃/၂၀၀၇)

ရန်ကုန်မြို့၊ ၁၃၆၉ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁)ရက်

(၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၇ ခုနှစ်၊ (ဩဂုတ်၊ စက်တင်ဘာလ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် **မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဌာနအနေဖြင့် အကွက်ရိုက်သတ်မှတ်ထားသော မိုးကုတ်ဒေသသတ်မှတ်လုပ်ကွက်(အသစ်)များ၊ မိုးညှင်းဒေသသတ်မှတ်လုပ်ကွက်(အသစ်)များ**ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့်တူးဖော်ထုတ်လုပ်ရန်ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာ များတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit) ကျပ်တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများကို ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအားပြန်လည်ထုတ်ပေးခြင်း စသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရ လည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရ လည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ရှိရပါမည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ်၊ အောက်တိုဘာလ(၁)ရက်တွင်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ခုနှစ်၊ မေလ(၁၂)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်(၈၅/၂၀၀၄)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ(၁)ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်လုပ်ကွက်များနှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်၊ သတ်မှတ်လုပ်ကွက်(အသစ်)များအတွက် ခွင့်ပြုသက်တမ်းကာလမှာ(၃)နှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့်အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့်အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့်အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ကွက်အတွက် အဆိုပြုငွေများပြားစွာ ပေးသွင်းရန်တင်ပြပြီး ၎င်းလုပ်ကွက်ကို လုပ်ကိုင်ခွင့်ချထားပေးပြီးနောက် အကြောင်းအမျိုးမျိုးဖော်ပြ၍ လုပ်ကိုင်ခွင့်ချထားပေးသည့်စာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် တင်ပြခြင်းနှင့် **သတ်မှတ်ကာလအတွင်း အဆိုပြုငွေပေးသွင်းရန် ပျက်ကွက်သဖြင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီကလုပ်ကိုင်ခွင့်ပယ်ဖျက်ခြင်းခံရပါက အဆိုပြုတင်ပြသည့် လုပ်ကွက်အတွက် ပေးသွင်းထားသည့်အာမခံစပေါ်ငွေကျပ်(တစ်)သိန်းကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည့်အပြင် ပယ်ဖျက်သည့်လုပ်ကွက်အတွက်** အောက်ဖော်ပြပါအတိုင်း သတ်မှတ်သည့်ဒဏ်ကြေးငွေများကို နိုင်ငံတော်သို့ ပေးဆောင်ရပါသည်။

(က) အဆိုပြုငွေကျပ်(၅၁)သိန်းမှ ကျပ်(၇၀)သိန်းအထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် (၃)သိန်း။

(ခ) အဆိုပြုငွေကျပ်(၇၁)သိန်းမှ ကျပ်(၂၀၀) သိန်းအထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် (၅)သိန်း။

(ဂ) အဆိုပြုငွေကျပ်(၂၀၁)သိန်းမှ ကျပ်(၅၀၀)သိန်းအထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် (၁၀) သိန်း။

(ဃ) အဆိုပြုငွေကျပ်(၅၀၁)သိန်းမှ ကျပ်(၁၀၀၀)သိန်းအထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ်(၁၅)သိန်း။

(င) အဆိုပြုငွေ ကျပ်(၁၀၀၁)သိန်းနှင့်အထက် ပေးသွင်းရန်အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ်(၂၀)သိန်း။

၇။ လုပ်ကိုင်ခွင့်ရရှိပြီးနောက် ပယ်ဖျက်ခွင့်တင်ပြသော လုပ်ကွက်များ၊ ကြီးကြပ်ရေးလုပ်ငန်းကော်မတီကပယ်ဖျက်ခဲ့သော လုပ်ကွက်များအတွက်၊ လုပ်ကွက်များကို လုပ်ကိုင်ခွင့်ရရှိခဲ့သော ကုမ္ပဏီအား လုပ်ကွက်များအဆိုပြုလျှောက်ထားခွင့်မပြုရေး အောက်ပါအတိုင်း ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အဆိုပြုငွေကျပ် (၁၀)သိန်းမှ ကျပ် (၁၀၀)သိန်းအထိ တင်ပြလျှောက်ထားသည့် လုပ်ကွက်များအတွက် (၁)နှစ်ပိတ်ပင်တားမြစ်ရန်။

(ခ) အဆိုပြုငွေကျပ်(၁၀၁)သိန်းမှကျပ် (၅၀၀)သိန်းအထိ တင်ပြလျှောက်ထားသည့် လုပ်ကွက်များအတွက် (၂)နှစ်ပိတ်ပင်တားမြစ်ရန်။

(ဂ) အဆိုပြုငွေကျပ် (၅၀၁)သိန်းအထက် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအတွက် (၃)နှစ်ပိတ်ပင်တားမြစ်ရန်။

၈။ **လုပ်ကွက်များ အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေး အထောက်အထားများ ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၉။ တင်ပြလျှောက်ထားသည့် လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီ/အသင်းသည် လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်အတွက် ပေးသွင်းရမည့် အဆိုပြုငွေကို သတ်မှတ်ထားသည့်ကာလအတွင်း အကျေပေးသွင်းရပါမည်။ သတ်မှတ်ကာလအတွင်း လုပ်ကိုင်ခွင့်ရ လုပ်ကွက်အတွက် အဆိုပြုငွေ အကျေပေးသွင်းခြင်းမရှိပါက လုပ်ကိုင်ခွင့်ချထားသည့်စာရင်းမှ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောင်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၁၈)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင် လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင်အတွင်းအပြင် ချိတ်ထိုးပြီး ၂၀၀၇ခုနှစ်၊ ဇူလိုင်လ ၁၈ရက်မှ ၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၁၇ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီတင်သွင်းရပါမည်။

၁၁။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မြတ်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင် လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

သာဂနိုး
စာပေလောက။ ဖုန်း - ၃၈၈၁၆၉

ရူလာနဖာ နှင့် ဆေးနည်းဆေးပင်များ ၁

ရူလာနဖာ နှင့် ဆေးနည်းဆေးပင်များ ၂

ရူလာနဖာ နှင့် ဆေးနည်းဆေးပင်များ ၃

ပိစပ်ရှက် စွမ်းပကား
[ဝေဒနာရှင်များ နှင့် တွေ့ဆုံခန်း ပါသည်]

KMD Since 1986
Computer Centre (လှည်းတန်း)
:: i-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
ကွန်ပျူတာသင်တန်းများသင်တန်းအပ် လက်ခံနေပါပြီ။
KMD (လှည်းတန်း-၁) အခန်း ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်။ ဖုန်း - ၅၂၄၄၀၀/ ၅၀၅၃၉၉ KMD (လှည်းတန်း-၂) ၁၅(ခ) စတုတ္ထထပ်၊ အင်းစိန်လမ်းနှင့်ဦးထွန်းလင်းခြံလမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်။ ဖုန်း - ၅၀၂၂၁၁

သင့်သွေးဖြင့် အသက်ကယ်ပါ

Here, Your future is answered!
Computer နှင့် language သင်တန်းများကို အခြေခံမှ ကျွမ်းကျင်သည်ထိ တတ်မြောက်လိုသူများ အတွက်
Glory Hope Education Centre
Computer အခြေခံမှ အဆင့်မြင့်ထိသင်တန်းများ
English Speaking
Chinese Speaking
သင်တန်းများ
တန်းခွဲသစ်များ လက်ခံနေပါသည်၊
(ချမ်းသာပလာဇာ) အထက်ပုဇွန်တောင်လမ်း၊ (ပုဇွန်တောင်ဈေးနှင့် စာတိုက်မှတ်တိုင်ကြား) PH: 200086, 203436, Ext-2206, 2207, 2214 HP: 09 518 9792

အရပ်သိဒ္ဓိ... သိဒ္ဓိအရပ် စိတ်ရှိတိုင်း ကြံပေတော့
မောင်သွေးချွန် စုစည်းစီစဉ်သည်
နမောဗုဒ္ဓါယသိဒ္ဓိမ်
လောကပါလ
ဂမ္ဘီရ သုတ စာစုံ မဂ္ဂဇင်း
အမှတ်-၇ ထွက်ပြီ
♦ ဝေပုလ္လာရာမဆရာတော်၏မဟာသုခနေသိဒ္ဓိလာဘ်ဖွင့်မင်္ဂလာ ♦ အဖျက်ဝိဇ္ဇာများ ♦ သဘာဝလွန်ဖြစ်ရပ်နိမိတ်ထူးများ
♦ မဟာဗောဓိမြိုင်ဆရာတော်၏ တရားစစ်တမ်း ♦ အံ့ဖွယ်ဆန်းကြယ် မုံတဝလိုဏ်ဂူတော် ♦ စိတ်စွမ်းအင် သင်္ကေတ
♦ ယူသာနေးစီယားပြဿနာနှင့် မဟာစည်ဆရာတော် အဆုံးအဖြတ် ♦ ပိဋကတ်တော်လာ ယတြာအစီအရင်များ
♦ ညောင်လေးပင်ဆရာတော်၏အရိုးဓာတ်ရုပ်ပွားတော် ♦ အဟာရသိဒ္ဓိ
♦ ကိုးတွဲခုဆရာတော်၏စိန္တာမဏိမန္တန်ကျင့်စဉ် ♦ အသက်ကယ်ကျင့်စဉ် ♦ ပုဗ္ဗေနိဝါသဝိဇ္ဇာဉာဏ်တော် ♦ ပထမံဂါထာကျင့်စဉ်
♦ တန်ဆောင်မုန်းလအထိ အထူးဟောကိန်း။ အထူးယတြာ ♦ အထဗ္ဗဏဗေဒင် ♦ သက်သတ်လွတ်စား မေတ္တာပွား
သိန်းသန်းထွန်း၊မောင်ကျောက်တိုင်၊လှမိုး(ပညာရေး)၊ဦးမြတ်အောင်၊ကောင်းသာ၊မြေလတ်မြတ်သူ၊ဗအုပ်ခိုင်၊မောင်သီ၊
ဦးမြင့်စိန်၊မောင်တေဇော၊နောင်ရိုး၊ဦးတိုးမြင့်၊သန့်ဇင်(ဘန်ကောက်)၊ဒီပံလင်း၊ထက်အောင်လွင်၊ဘလတ်၊မောင်လွှမ်းမိုး၊
သက်နှင်းဆွေ(ပုပ္ပါး)၊မရွှေအောင်၊ငြိမ်းချမ်းသာ၊အဆွေကြည်(ဆတ်သွား)၊ဒေါ်စန်းစန်းမော်၊ဒေါက်တာမြနှင်းနု၊သဗ္ဗဒါအောင်၊
ဖြန့်ချိရေး-ဆင်တောင်ကြီး၊ဖုန်း ♦ ၀၁-၃၈၁၈၃၄ | အယ်ဒီတာအဖွဲ့ ♦ ဖုန်း-၅၃၈၃၇၉ | ခွင့်ပြုချက်-၅၄၀၅၆၇၀၅၀၇

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Wisdom Power IT Co., Ltd တို့ပူးပေါင်း၍ Diploma in IT သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း ကြေငြာပါသည်၊
၁၊ သင်တန်းအမည် --- Diploma in Information Technology
၂၊ သင်တန်းအမှတ်စဉ် --- (၄)
၃၊ သင်တန်းကာလ --- (၉)လ
၄၊ သင်တန်းဖွင့်လှစ်မည့်နေ့ရက် ---- (၂၇)၊ ဇူလိုင်လ၊ ၂၀၀၇ ခုနှစ်
၅၊ လက်ခံမည့်သင်တန်းသားဦးရေ --- သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်၊
၆၊ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်၊
ဆက်သွယ်ရန် ဖုန်း - ၂၉၁၉၂၅

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) သိပ္ပံပစ္စည်းအလုပ်ရုံတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသည်-

၁။	Machine Tools	(၁၃) မျိုး
၂။	ကုန်ကြမ်းပစ္စည်း	(၆၉) မျိုး
၃။	ထုပ်ပိုးပစ္စည်း	(၁၁) မျိုး
၄။	Grinding Powder ပစ္စည်း	(၆) မျိုး
၅။	Computer နှင့် ဆက်စပ်ပစ္စည်း	(၁) စုံ
၆။	Oxygen Gas Generator	(၁) စုံ

၂။ အဆိုပါ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၆-၇-၂၀၀၇ (ကြာသပတေးနေ့) (၁၆း၀၀) နာရီနောက်ဆုံးထား၍ အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သိပ္ပံပစ္စည်း အလုပ်ရုံ ချိပ်ပိတ်ဈေးနှုန်းလွှာစိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းသို့ အရောက်ပေးပို့ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သိပ္ပံပစ္စည်း အလုပ်ရုံနှင့် တယ်လီဖုန်းအမှတ်-၆၆၃၁၈၉ များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
သိပ္ပံပစ္စည်းအလုပ်ရုံ
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

FOUR FOUR TWO
Special Update
☎ ၃၉၁၄၇၀

၂၀၀၇-၀၈ ဝပ်နလာလိဂ် ပွဲစဉ်ဇယား(ရောင်စုံ) လက်ဆောင်ပါသည်
ရောင်စုံ အချပ်ပို ထည့်ထား တယ်နော်
No(501) တိစိစိရိပ်သာ၊ ပြည်လမ်း

ဦးအောင်ဟိန်းကျော် -Translation
သီးသန့် တန်း ဖွင့်ပြီ
အင်္ဂလိပ်စကားပြော ● အလွတ်မကျက်ဘဲပြောတတ်ရမည် ● နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာ ရေးနည်း ● အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်။ 392468, 095171841

သန်လျင်ဖားအောက် တောရရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာ (သန်လျင်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၈ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် သီရိခေမာ မွေသာလာမွောရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင်အလှူရှင်များအနေဖြင့် ဖုန်း- ၀၅၆-၂၁၉၂၇၊ ၀၁-၇၂၀၇၂၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘာပဲလိုလို
ပျံ့နှံ့မှုအရှိဆုံးနှင့်အုပ်ရေအများဆုံး ထုတ်ဝေကြောင်း အမှန်ကန်ဆုံး အာမခံပေးနိုင်သည့် မြန်မာပြည်၏ တစ်ခုတည်းသော ကာလာစုံလမ်းညွှန်စာအုပ်



လမ်းညွှန်စာအုပ်အရည်အသွေးနှင့်အပြည့်စုံဆုံးသောမြန်မာပြည်၏ ပထမဆုံးလမ်းညွှန်စာအုပ်
နှစ်ဦးပိုင်းတွင်အစောဆုံးထွက်ရှိလာမည့် ရန်ကုန်လမ်းညွှန် နှင့် မန္တလေးလမ်းညွှန် ၂၀၀၈ခုနှစ် အတွက် **ရှိတယ်**
ကြော်ငြာထည့်သွင်းလိုပါက
Tel : 01-245358,01-373254 {Ext : 810~9},01-256285,02-28967,02-64508
e-mail : pubsales@yangon.net.mm www.yangon-directory.com

သန့် အကောင်းကြိုက်သူများအတွက်
ပေါယ်ရှယ်ပေါ်ဆန်းမွှေး၊ တောင်ပျံမွှေး၊ ပဲဆီမွှေး၊ မွှေးတလုံးပေါ်ကျွဲပြည့်မထ၊ ဘာစမာတီ၊ ရှမ်းဆန်၊ ကောက်ညှင်း
၆ ပြည်၊ ၁၂ပြည်၊ ၂၄ပြည်အိတ်များကို ဖုန်းဖြင့်မှာကြားလျှင် အိမ်အရောက်ပို့ပေးပါသည်။
အမှတ်(၅၂)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း(ရိုးမဘဏ်အနီး)
၆၈၁၂၀၉၊ ၆၈၁၂၇၄၊ ၆၈၁၅၀၄၊ ၀၉-၈၉၂၈၁၆၃

ဝူဒီ(WOODY) မြေလတ်သားလေး
မကွေးရှယ်ပဲဆီသန့်
သစ်သားဆုံမြေပဲဆီသန့်
☎ - ၆၅၀၃၁၇ 📱 - ၀၉-၅၁၈၄၇၉၉
(ဥပိသာနှင့်အထက်အရောက်ပို့ပေးပါသည်။)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ချောင်းဆိုးပြီးအသံဝင်အသံပျက်မှာလဲ မပူနဲ့
လိပ်ခေါင်းထွက်မှာလဲ မကြောက်နဲ့
နိုင်ငံကျော် **ဖွန်ချီ**
သလိပ်ပျော်အာသံကောင်းဆေးနဲ့
လိပ်ခေါင်းပျောက်ဆေးရှိတယ်
အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06263 တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06286
ပင်ရင်း- အမှတ် (၂၆၁)၊ ရွှေဘုံသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ☎ 01-384651

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်မြို့၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ ပြည်စက်မှုဇုန်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ စက်မှုဇုန်သစ်ဆိုင်းဘုတ်ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၁၅

ပဲခူးတိုင်း ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ အင်းမတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၃ရက် နံနက် ၈ နာရီတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာခန်းမ၌ တိုင်း/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်က အုပ်ချုပ်ရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အင်္ဂဘိုသုတေသနနှင့် မျိုးပွားခြံရှိ ဆီကြမ်းစက်ရုံတွင် ဆီသီးခိုင်များမှ ဆီကြမ်း ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်စက်မှုဇုန်ထုတ်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၂ရက်နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရန် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် စစ်တောင်းမြစ်ကူးတံတားသို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❒

ယနေ့မိုးလေဝသ

၁၆-၇-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကြေးမုံ The Mirror

အသွင်ကူးပြောင်းရေးကာလ အမြန်ဆန်ဆုံး ပြီးဆုံးသွားစေရန်

"ဒီမိုကရေစီကို လိုလားတောင့်တနေသော ပြည်သူလူထုဆိုသည့်အထဲတွင် NLD ပါတီလည်း အပါအဝင်ဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလ အမြန်ဆန်ဆုံး ပြီးဆုံးသွားစေရန် အားလုံးနှင့် ထပ်တူထပ်မျှ တစ်သဘောတည်းရှိသင့်သည်။ မင်းသားကြီး မလုပ်ရ၍ ပတ်မကြီးအား ထိုးဖောက်သကဲ့သို့ မိမိအာဏာမရ၍ တပ်မတော်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်အား ဖျက်လိုဖျက်ဆီး ဆောင်ရွက်ခြင်းသည် ရေရှည်တွင် နိုင်ငံတော်နှင့် ပြည်သူလူထု တစ်ရပ်လုံးကိုသာ တစ်စထက်တစ်စ အကျိုးယုတ်စေမည်ကို သဘောပေါက်သင့်ပြီဖြစ်သည်"

ဦးဆွေ(ဗဟန်း)၏ **"လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်နေရသော အသွင်ကူးပြောင်းရေး"** (ဆောင်းပါး) စာမျက်နှာ-၈၉